ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (10-8-2015) (၈၂၈၈)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေကြီးရေလျှံမှုဖြစ်ပွားသည့် ညောင်တုန်းနှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံများအား တွေ့ဆုံအားပေး မြစ်ကမ်းထိန်းတမံများကို ထူးကဲရေကြီးမြင့်တက်ချိန်တွင် ကာကွယ်နိုင်စွမ်းရှိရန် လက်ရှိအမြင့်ထက် တိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းမှူး ဗိုလ်ချုပ်လူအေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိသည့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ညောင်တုန်းမြို့သို့ရောက်ရှိပြီး အရှည်နှစ်မိုင်ရှိသည့် မြို့မြစ်ကမ်းထိန်းတာအား ဒေသခံပြည်သူများနှင့် တပ်မတော်သားများက မြို့တွင်းသို့ ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့●**



ညောင်တုန်းမြို့ မြစ်ကမ်းထိန်းတာအား ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၁၀-၈-၂၀၁၅၊ တနင်္လာနေ့

# ကမ္ဘာမြေငြိမ်းချမ်းပါစေ

စစ်အေးလွန်ကာလ ကျွန်ုပ်တို့ကမ္ဘာကြီးအတွင်းရှိ အချို့ဒေသများတွင် စစ်ပွဲများနှင့်ရင်ဆိုင်ခဲ့ကြရသည်။ အရှေ့အလယ်ပိုင်းကဲ့သို့ အချို့ဒေသများတွင် စစ်ပွဲများကြုံတွေ့နေရသည်ကို သတင်းစာမျက်နှာများတွင် မြင်တွေ့နေရသည်။ လွန်ခဲ့သည့် အနှစ် ၂၀ ကျော်ကာလက ရုပ်ရှင်သရုပ်ဆောင် ဦးကျော်ဟိန်းသီဆိုခဲ့သည့် "စစ်ပွဲတွေရပ်ကြ"တေးသီချင်းမှာ အသက်ဝင်နေဆဲဖြစ်သည်။

ကမ္ဘာမြေငြိမ်းချမ်းပါစေ၊ အေးချမ်းပါစေဟု ကမ္ဘာသူ ကမ္ဘာသားများက တောင်းဆုခြွေနေကြဆဲဖြစ်သည်။ သို့သော် ကမ္ဘာကြီးတွင် စစ်ပွဲများနှင့် အဆုံးမသတ်နိုင်သေးချေ။ စစ်မီးတောက်များမှာ အချို့ဒေသများတွင် ရှိနေဆဲဖြစ်သည်။ အချို့နေရာများတွင် စစ်မီးလောင်မြိုက်ရန် ဟန်ပြင်နေဆဲဖြစ်သည်။ စစ်ဘေး၊ စစ်ဒဏ်ဟူသည်မှာ မည်သည့်နည်းနှင့်မျှ ကောင်းကျိုးမပြုနိုင်ချေ။ ထို့ကြောင့် "စစ်ပွဲတွေရပ်ကြ"ဆိုသည့် တေးသီချင်းကို ဆက်လက်သီဆိုကြရဦးမည်။

စစ်ဟူသည်မှာ တရားသောစစ်၊ မတရားသောစစ်ဟူ၍ရှိသည်။ မည်သည့်စစ်အမျိုးအစားမဆို သေကျေပျက်စီးခြင်း အနည်းနှင့်အများရှိမည်။ စစ်၏ အနိဋ္ဌာရုံကို စစ်ဘေးဒဏ်ခံစားခဲ့ကြရသူများသာ အသိဆုံးဖြစ်မည်။ စစ်ပွဲကို မကြုံဖူးသေးသောသူများအဖို့ စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ မသိရှိနားမလည်နိုင်ကြသေးချေ။ ကျွန်ုပ်တို့မြန်မာနိုင်ငံရှိ အချို့နယ်စပ်ဒေသများတွင်လည်း စစ်ပွဲများ၏အငွေ့အသက်များကို ယနေ့ထက်တိုင်ကြုံတွေ့နေရသေးသည်။

အချို့ဒေသများတွင် နှစ်ပေါင်း ၆၀ ကျော် စစ်၏ဆိုးမွေများကို ခံစားကြရသည်။ အကျိုးဆက်အားဖြင့် ဒေသခံပြည်သူအချို့ ဘေးဒုက္ခရောက်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းသာ အဖတ်တင်သည်။ မေတ္တာတရား၊ သည်းခံခြင်းတရားများဖြင့် မတူသည့်အရာများကို ဘေးဖယ်ကာ တူရာများကိုပေါင်းစု၍ ငြိမ်းချမ်းရေးပန်းခင်းလမ်းတွင် အတူတကွလျှောက်လှမ်းသင့်သည်။ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် တစ်စိတ်တစ်ဝမ်းတည်း အတူတကွလက်တွဲဆောင်ရွက်ကြလျှင် ဤမြေပေါ်ရှိ ဤပြည်သူပြည်သားအပေါင်းတို့ ပျော်ရွှင်ချမ်းမြေ့ခြင်းများနှင့် ပြည့်စုံနေမည်။ ကျက်သရေမင်္ဂလာအဖြာဖြာ တိုးတက်ဝေဆာနေမည်။

ယခုလ ၆ ရက်နေ့သည် စစ်ပွဲနှင့်ပတ်သက်၍ ဤကမ္ဘာအတွက် မမေ့နိုင်စရာနေ့တစ်နေ့ဖြစ်ခဲ့သည်။ စစ်ကို စစ်နှင့်အဆုံးသတ်နိုင်ခဲ့သော်လည်း ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသည်။ ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးနေ့အဖြစ် သြဂုတ် ၆ ရက်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံးတစ်လုံးကျဲချခဲ့သည်။ နောက်သုံးရက်အကြာ သြဂုတ် ၉ ရက်တွင် နောက်ထပ် အဏုမြူဗုံးတစ်လုံး ကျဲချပြန်သည်။

ပြင်းအား တီအင်န်တီတန်နှစ်သိန်းညီမျှသည့် ဗုံးတစ်လုံးစီသည်မြို့ကြီးနှစ်မြို့ရှိ လူတစ်သိန်းကျော်၏ အသက်ဇီဝိန်ကို ချက်ချင်းချုပ်ငြိမ်းစေခဲ့သည်။ ဆက်လက်၍ လူ့အသက်ပေါင်း သုံးသိန်းမှ လေးသိန်းအထိ ပျက်စီးခဲ့သည်။ ယနေ့ထက်တိုင် အဏုမြူဘေးဒဏ်သင့်ခဲ့ရသော လူအမြောက်အမြားရှိသည်။ ယင်းသည် ထိုခေတ်ထိုကာလက သိပ္ပံပညာတိုးတက်မှု၏ အကျိုးသက်ရောက်မှုများဖြစ်သည်။

မျက်မှောက်ကာလတွင် သိပ္ပံပညာသည် ယင်းထက်အဆပေါင်းများစွာ တိုးတက်လာနေပြီ။ တိုးတက်လာသော နည်းပညာကို လူသားအကျိုးပြုလုပ်ငန်းများတွင် အသုံးချနိုင်သလို မိမိတို့နိုင်ငံ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက်လည်း အသုံးချကြသည်။ တရားသောစစ်တွင် အသုံးချကြသလို အချို့က မတရားသောစစ်ပွဲများတွင်လည်း အသုံးချလာသည်။ ဒုတိယကမ္ဘာစစ်ကာလက ကြောက်မက်ဖွယ်ကောင်းသော စစ်ကိုအဆုံးသတ်ခဲ့သော်လည်း ပြန်လည်နိုးထရန်အားယူနေသည်ကို ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများတွင် မြင်တွေ့နေရသည်။

ထို့ကြောင့် ကမ္ဘာကြီးထာဝရငြိမ်းချမ်းသာယာနေစေရန်အတွက် စစ်ပွဲတွေကို ရပ်ကြရမည်။ ငြိမ်းချမ်းရေးခရီးလမ်းကို အတူလက်တွဲလျှောက်လှမ်းကြရမည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာထားကြရမည်။ နားလည်ခွင့်လွှတ်နိုင်ရမည်။ ဘာသာတရားတိုင်းတွင် မေတ္တာတရားရှိပြီးဖြစ်သည်။ မေတ္တာတရားလက်နက်ထက် အလုံးစုံအောင်နိုင်သော လက်နက် ဟူ၍မရှိ။ မေတ္တာတရားသည်သာ အဏုမြူထက်သာလွန်သည့် အကောင်းဆုံးသော စွမ်းအားဖြစ်သည်။ မေတ္တာသည်သာ တုနှိုင်းမယှဉ်နိုင်သော ကံအကြောင်းတရားဖြစ်သည်။ ။



## မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒုတိယအကြိမ် ညီလာခံကျင်းပ

**ရန်ကုန် သြဂုတ် ၉**

သတင်းလွတ်လပ်ခွင့်ပန်းတိုင်သည် မျှော်မှန်းထားသကဲ့သို့ ခရီးမပေါက်ခဲ့သည်ကို ရိုးသားစွာ ဝန်ခံပါကြောင်း၊ သတင်းလွတ်လပ်ခွင့်နှင့် သိခွင့်အတွက် ဒီမိုကရေစီကို မိမိတို့ မီဒီယာ သတင်းသမားများက ချဉ်းကပ်ရာ၌ သတင်းမျိုးဆက်သစ်များအနေဖြင့် သတင်းစာပညာပိုင်းနှင့် ကမ္ဘာ့စံရရှိရန် တိကျမှု၊ တာဝန်သိမှု၊ ဘက်မလိုက်မှု၊ တာဝန်ရှိမှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှု၊ လိုက်ပါနိုင်မှုများတွင်လည်း အားနည်းနေသေးကြောင်း ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ UMFCCI ၌ ကျင်းပသည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယ အကြိမ်ညီလာခံတွင် အသင်း နာယက ဦးခင်မောင်လေး (ဖိုးသောကြာ)(ခေတ်+မိုး)က အဖွင့်အမှာစကား၌ ထည့်သွင်းပြောကြားသွားသည်။

ဒီမိုကရေစီကျင့်စဉ်နှင့် အသီးအပွင့်တွေကို နောင်လာမည့်မျိုးဆက်တွေ အသေအချာစားသုံးနိုင်ရန် မိမိတို့ ရေလောင်းပေါင်းသင်ရန် တာဝန်ရှိပါကြောင်း၊ အဆိုပါတာဝန်ကို မိမိတို့၏ မျက်မှောက် မျိုးဆက်သစ်များက ကြိုးပမ်းအားထုတ်ပေးနိုင်ပါမှ အဖြေသည် သေချာမှာဖြစ်ကြောင်း၊ တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ ဆိုသည့် မြန်မာ့လူ့အဖွဲ့အစည်း၏ ရိုးရာအဆုံးအမအတိုင်း သတင်းမီဒီယာအားလုံးကို မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက တစ်သောင်းအားဖြင့် စိတ်ရှည်သည်းခံစည်းရုံးပြီး ဒီမိုကရေစီနိုင်ငံအတွက် တောင့်တင်းသော အဖွဲ့အစည်းအဖြစ် ဝိုင်းဝန်းစိုက်ထုတ် ပေးကြပါလို့ နှိုးဆော်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးကိုကို(ကိုကို- စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည် သတင်းစာဆရာများ အားကိုးအားထားရာဖြစ်ပြီး ရေရှည်တည်တံ့ရပ်တည်နိုင်အောင် စည်းလုံးချစ်ခင်သည့်စိတ်ဖြင့် တည်ဆောက်သွားကြရန် လိုကြောင်းဖြင့် ပြောသည်။ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယအကြိမ် ညီလာခံသို့ အဖွဲ့အစည်းအသီးသီးမှ ပေးပို့လာသော သဝဏ်လွှာများကို ကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်းအတွက် အလှူရှင်များက လှူဒါန်းငွေကျပ် ၃၂၇ သိန်းကျော်ကို ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယအကြိမ်ညီလာခံသို့ တင်သွင်းသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ ပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာကိုယ်စားလှယ်များက တင်ပြကြသည်။


မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ ပထမအကြိမ် ညီလာခံကို ၂၀၁၂ ခုနှစ် သြဂုတ် ၁၁ ရက်တွင် ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ လက်ရှိ၌ အသင်းဝင်ပေါင်း ၁၀၀၀ ကျော်ရှိပြီး အမျိုးသားသတင်းဆုပေးခြင်း၊ ပညာရှင်ကြီးများအား သက်ကြီးပူဇော်ပွဲများ ကျင်းပပေးခြင်း၊ ဖိုရမ်များပြုလုပ်ခြင်း၊ ဟောပြောပွဲများ၊ သင်တန်းများပို့ချခြင်းနှင့် သတင်းစာရှင်းလင်းပွဲများ လက်ခံကျင်းပပေးခြင်းများပြုလုပ်ကာ သတင်းမီဒီယာများ၏ အရည်အသွေးတိုးတက်ရေးကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ဖွဲ့စည်းခဲ့သော (Burma Journalists Association-BJA)၏ အမွေကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဆက်ခံခဲ့ခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

**သတင်း-ဝင်းဝင်းမော်၊ ဓာတ်ပုံ-ရဲထွန်း**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**●ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားရာတွင် ညောင်တုန်းမြို့ ရေလွှမ်းမိုးမခံရစေရန်အတွက် မြစ်ကမ်းထိန်းတမံကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ဒေသခံပြည်သူများ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ညောင်တုန်းနှင့် ဟင်္သာတမြို့များအပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အရေးကြီးသည့် မြစ်ကမ်းထိန်းတမံများကို သာမန်ထက် ထူးကဲရေကြီးမြင့်တက်ချိန်တွင် ကာကွယ်နိုင်စွမ်းရှိရန်အတွက် လက်ရှိအမြင့်ထက် ငါးပေခန့်အထိ တိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ရန်ပုံငွေရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး တပ်မတော်စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးချုပ်ရုံး၏ ရေသန့်ယာဉ် (Water Purification Vehicle NJC 200-100/80)ဖြင့် ဒေသခံပြည်သူများအတွက် သောက်ရေ၊ သုံးရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုသည်။

အဆိုပါယာဉ်သည် မြစ်ချောင်းအင်းအိုင်များမှ ရေကိုစုပ်ယူပြီး အဆင့်ဆင့်သန့်စင်ကာ လူကို အန္တရာယ်ဖြစ်စေနိုင်သည့် ဗက်တီးရီးယားပိုးမွှားများ၊ ရောဂါပိုးမွှားများကို ခရမ်းလွန်ရောင်ခြည်ဖြင့် သန့်စင်ပြီး သောက်ရေသန့်အဖြစ် ထုတ်ပေးခြင်းဖြစ်ပြီး တစ်နာရီလျှင် သောက်ရေဂါလန် ၈၀၀ ထုတ်လွှတ်ပေးနိုင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းမြို့ ပုဏ္ဏာရာမစျေးကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညောင်တုန်းမြို့ရာပြည့်ဗိမာန်တော်ကြီးတွင် ရေဘေးသင့်ပြည်သူ ၆၃၀ အတွက် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အားပေးစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လူသားချင်းစာနာစိတ်ရှိသူများက ပူးပေါင်းကူညီပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်မှုများအား လုပ်ဆောင်ပေးကြပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လည်း စာသင်ကျောင်း၊ ဆေးခန်းနှင့် ဆေးရုံများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများကို အချိန်မီဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ပျက်စီးသွားသည့် လယ်ယာမြေများအတွက် ပြန်လည်စိုက်ပျိုးနိုင်ရန်၊ တောင်သူလယ်သမားများအတွက် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရန် ထွန်ယက်ပေးခြင်းနှင့် မျိုးစပါးများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့သို့ ရောက်ရှိကြပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း အပြီးသတ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းကျောင်းမှာ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ သင်တန်းခန်းမ၊ ဝန်ထမ်းအိမ်ရာ၊ အုပ်ချုပ်မှုရုံး၊ စာသင်ဆောင်၊ သင်တန်းသား သင်တန်းသူအိပ်ဆောင်နှင့် စားဖိုဆောင်တို့ ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတမြို့ ကြာခံကျောင်းတိုက်တွင် ရေဘေးသင့်ပြည်သူ ၆၀၀ ကျော်အတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ထောက်ပံ့ပစ္စည်းများကို ရေဘေးသင့်ပြည်သူများအား လည်းကောင်း၊ အလှူငွေကျပ်သိန်း ၅၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟင်္သာတမြို့ ရွှေစေတီအနီးရှိ တစ်မိုင်လေးဖာလုံရှည်လျားသည့် လက်သမားရေထိန်းတာကို ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Blue Sky Rescue အဖွဲ့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံပြည်သူများအတွက် ရေသန့်ယာဉ်ဖြင့်ဖြန့်ဝေထားသော သောက်သုံးရေများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ၂၀၁၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်ကြောင့် ရေဘေးသင့်မြို့နယ်၊ အိမ်ထောင်စု၊ လူဦးရေစာရင်း

| စဉ် | မြို့နယ် | ရေဘေးသင့် အိမ်ထောင်စု | ရေဘေးသင့်လူဦးရေ |
|---|---|---|---|
| ၁။ | ပုသိမ် | ၉၇ | ၄၀၅ |
| ၂။ | ကန်ကြီးထောင့် | ၁၀၃၁ | ၄၁၇၄ |
| ၃။ | သာပေါင်း | ၆၀၄ | ၂၂၇၄ |
| ၄။ | ငပုတော | ၁၅၈ | ၇၃၇ |
| ၅။ | ကျုံပျော် | ၅၂ | ၁၆၇ |
| ၆။ | ရေကြည် | ၁၇၀၀ | ၇၂၂၇ |
| ၇။ | ကျောင်းကုန်း | ၃၂၈၀ | ၁၂၇၅၁ |
| ၈။ | ဟင်္သာတ | ၁၀၇၅၂ | ၄၂၁၅၁ |
| ၉။ | ဇလွန် | ၄၅၅၄ | ၁၇၄၀၄ |
| ၁၀။ | လေးမျက်နှာ | ၅၃၄၅ | ၂၂၈၆၁ |
| ၁၁။ | မြန်အောင် | ၁၄၀၂၄ | ၅၆၆၉၆ |
| ၁၂။ | ကြံခင်း | ၂၅၇၆ | ၇၂၁၁ |
| ၁၃။ | အင်္ဂပူ | ၁၆၃၄၄ | ၆၃၃၉၂ |
| ၁၄။ | မအူပင် | ၂၁၃၁ | ၈၇၉၇ |
| ၁၅။ | ပန်းတနော် | ၄၀၆၇ | ၁၇၇၃၇ |
| ၁၆။ | ညောင်တုန်း | ၁၀၁၈၀ | ၄၄၆၃၉ |
| ၁၇။ | ဓနုဖြူ | ၁၀၂၃ | ၄၀၉၅ |
| | တိုင်းချုပ် | ၇၇၉၁၈ | ၃၁၂၇၁၈ |

### တိုင်းဒေသကြီး/ပြည်နယ်များ၏ ၇-၈-၂၀၁၅ ရက်နေ့ရှိ ခန့်မှန်းစပါး/ဆန်လက်ကျန်အပေါ် နိုဝင်ဘာလကုန်အထိ လုံလောက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေ (သန်း) | တစ်လ စားသုံးနှုန်း (တန်သိန်း) | နိုဝင်ဘာလကုန်ထိ စားသုံးရန် လိုအပ်ချက် (တန်သိန်း) | ၇-၈-၂၀၁၅ ရက်နေ့ထိ လက်ရှိ | | ညီမျှဆန်တန် (တန်သိန်း) | နိုဝင်ဘာလ ကုန်ထိ(+/-) (ဆန်တန်သိန်း) |
|---|---|---|---|---|---|---|---|---|
| | | | | | စပါး (တင်းသိန်း) | ဆန် (တန်သိန်း) | | |
| ၁ | ၂ | ၃ | ၄ | ၅ (၄ × ၄ လ) | ၆ | ၇ | ၈(၆+၇) | ၉ (၈-၅) |
| ၁။ | ဧရာဝတီ | ၆. ၁၈၄ | ၁. ၀၃၁ | ၄. ၁၂၃ | ၆၇၃. ၆၃၄ | ၀. ၈၉၆ | ၇. ၆၃၂ | ၃. ၅၀၉ |
| ၂။ | စစ်ကိုင်း | ၅. ၃၂၅ | ၀. ၈၈၈ | ၃. ၅၅၁ | ၇၈၄. ၀၀၀ | ၀. ၇၂၅ | ၈. ၅၆၅ | ၅. ၀၁၄ |
| ၃။ | ရန်ကုန် | ၇. ၃၆၀ | ၁. ၂၂၇ | ၄. ၉၀၈ | ၂၆၄. ၀၀၀ | ၀. ၉၆၀ | ၃. ၆၀၀ | ၁. ၃၀၈ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၄. ၈၆၇ | ၀. ၈၁၁ | ၃. ၂၄၅ | ၂၄၃. ၉၆၅ | ၁. ၅၉၅ | ၄. ၀၃၅ | ၀. ၇၉၀ |
| ၅။ | ရခိုင် | ၃. ၁၈၈ | ၀. ၅၃၁ | ၂. ၁၂၆ | ၁၂. ၆၉၄ | ၀. ၃၅၀ | ၀. ၄၇၈ | ၁. ၆၄၈ |
| ၆။ | ကရင် | ၁. ၅၇၄ | ၀. ၂၆၂ | ၁. ၀၅၀ | ၁၉၉. ၄၁၇ | ၀. ၀၃၅ | ၂. ၀၂၉ | ၀. ၉၈၀ |
| ၇။ | မန္တလေး | ၆. ၁၆၅ | ၁. ၀၂၈ | ၄. ၁၁၁ | ၄၇. ၁၂၈ | ၁. ၃၂၉ | ၁. ၈၀၁ | ၂. ၃၁၀ |
| ၈။ | ရှမ်းပြည်နယ် | ၅. ၈၂၄ | ၀. ၉၇၁ | ၃. ၈၈၃ | ၂၃၀. ၇၄၀ | ၀. ၀၉၅ | ၂. ၄၀၂ | ၁. ၄၈၂ |
| ၉။ | မကွေး | ၃. ၉၁၇ | ၀. ၆၅၃ | ၂. ၆၁၂ | ၅၁. ၀၄၆ | ၀. ၅၅၈ | ၁. ၀၆၈ | ၁. ၅၄၄ |
| ၁၀။ | မွန် | ၂. ၀၅၄ | ၀. ၃၄၂ | ၁. ၃၇၀ | ၃၄. ၄၂၆ | ၀. ၅၀၀ | ၀. ၈၄၄ | ၀. ၅၂၅ |
| ၁၁။ | ကချင် | ၁. ၆၈၉ | ၀. ၂၈၂ | ၁. ၁၂၆ | ၈၀. ၃၂၈ | ၀. ၁၃၉ | ၀. ၉၃၉ | ၀. ၁၈၇ |
| ၁၂။ | တနင်္သာရီ | ၁. ၄၀၈ | ၀. ၂၃၅ | ၀. ၉၃၉ | ၇၁. ၉၁၀ | ၀. ၀၇၂ | ၀. ၇၉၁ | ၀. ၁၄၈ |
| ၁၃။ | ကယား | ၀. ၂၈၆ | ၀. ၀၄၈ | ၀. ၁၉၁ | ၂၀. ၅၀၀ | ၀. ၀၄၁ | ၀. ၂၅၆ | ၀. ၀၆၅ |
| ၁၄။ | ချင်း | ၀. ၄၇၈ | ၀. ၀၈၀ | ၀. ၃၁၉ | - | - | - | ၀. ၃၁၉ |
| ၁၅။ | ပြည်ထောင်စု နယ်မြေ | ၁. ၁၆၀ | ၀. ၁၉၃ | ၀. ၇၇၃ | ၂၉. ၀၃၀ | ၀. ၀၈၇ | ၀. ၃၇၇ | ၀. ၃၉၆ |
| | စုစုပေါင်း | ၅၁. ၄၇၉ | ၈. ၅၈၂ | ၃၄. ၃၂၆ | ၂၇၄၃. ၅၂၃ | ၇. ၃၈၂ | ၃၄. ၈၁၇ | ၀. ၄၉၁ |

**မှတ်ချက်** (၁) လူတစ်ဦးစားသုံးနှုန်းတစ်နှစ်လျှင် ၂၀၀ ကီလိုဂရမ်(တစ်တင်းခွဲဝင် ဆန်အိတ် လေးအိတ်)

(၂) လူတစ်ဦးစားသုံးနှုန်း တစ်ရက်လျှင် သုည ဒသမ ၅၄၇ ကီလိုဂရမ်(နို့ဆီဘူး ၂ ဒသမ ၁ ဘူး)

(၃) နိုဝင်ဘာလကုန်အထိ စားသုံးပြီးပါက တွက်ချက်မှုအရ ခန့်မှန်းဆန်တန် သုည ဒသမ ၅ သိန်းခန့်(ဆန်အိတ် ၁၀ သိန်းခန့်)လက်ကျန်ရှိပါမည်။

(၄) ဆန်တစ်တန်ရရှိရန် စပါးတင်း ၉၀ နှုန်းဖြင့် တွက်ချက်ပါက ခန့်မှန်းဆန်တန် ၃ ဒသမ ၅၃၉ သိန်းခန့်(ဆန်အိတ် သိန်း ၇၀ ကျော်ခန့်) လက်ကျန်ရှိပါသည်။

(၅) ဩဂုတ်လမှ နိုဝင်ဘာလအတွင်း ထွက်ရှိလာမည့်စပါးများမှာ ထပ်မံပို၍လျှံလာမည့်အရေအတွက်ဖြစ်ပါမည်။

(၆) သို့ဖြစ်ပါ၍ ယခုရာသီထွက်ရှိမည့် မိုးစပါးများအပေါ် စက်တင်ဘာလလယ်ခန့်တွင် ခန့်မှန်းတွက်ချက်၍ ပြည်ပတင်ပို့မှုကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်တုန်းမြို့တွင် ဒေသခံပြည်သူများနှင့် တပ်မတော်သားများက ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းရှေ့ဖုံး)

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၅၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်စဉ်။(သတင်းရှေ့ဖုံး)

(သတင်းစဉ်)

## မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်သစ်ခြောက်စင်းအနက် ပထမဆုံးလေယာဉ် ရန်ကုန်သို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ပြင်သစ်နိုင်ငံ ATR-72-600 လေယာဉ်သစ်ခြောက်စင်းအနက် ပထမဆုံးလေယာဉ်ဖြစ်သည့် ATR-72-XY-AJY လေယာဉ်သစ်သည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်း၊ အထွေထွေမန်နေဂျာများ၊ ဌာနမှူးများ၊ လေယာဉ်မယ်များက အဆိုပါ လေယာဉ်သစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မောင်းနှင်လာသည့် လေယာဉ်မှူးနှစ်ဦးအား ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ATR လေယာဉ်ပေါ်သို့ တက်ရောက်၍ ကြည့်ရှုစစ်ဆေးပြီး ပြင်သစ်လေယာဉ်မှူးကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

ယင်းနောက် လေဆိပ်ခန်းမတွင် သတင်းမီဒီယာများမှ သိလိုသည်များကို တွေ့ဆုံမေးမြန်းကြရာ မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်း၊ လေယာဉ်မှူး ဦးသန်းထွေး၊ စက်မှုဌာနခွဲမှ တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ATR-72-XY-AJY လေယာဉ်သည် ခရီးသည် ၇၀ တင်ဆောင်နိုင်ပြီး ယင်းလေယာဉ်သည် ပြင်သစ်နိုင်ငံ ပါရီမြို့မှ ဩဂုတ် ၅ ရက် သီရိလင်္ကာဒေသစံတော်ချိန် နံနက် ၈နာရီမှ စတင်ထွက်ခွာခဲ့ရာ ခရီးစဉ် တစ်ရက်ကို ခုနစ်နာရီ ပျံသန်းမောင်းနှင်ပြီး လေးရက်မြောက်နေ့ ဩဂုတ် ၈ ရက် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်

**နေပြည်တော် ဩဂုတ် ၉**

ရေဘေးသင့်ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့်ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်က ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် FMI လေကြောင်းလိုင်းတို့မှ ခေါက်ရေငါးခေါက်ဖြင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် လူသုံးကုန်ပစ္စည်း၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ ဆေးမျိုးစုံတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် ကမ္ဘောဇလေကြောင်းလိုင်းတို့မှ ခေါက်ရေကိုးခေါက်ဖြင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် လူသုံးကုန်ပစ္စည်း၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ စားသုံးဆီ၊ စားသောက်ကုန်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် မီးစက်များကိုလည်းကောင်း ပေးပို့လျက်ရှိသည်။

**(သတင်းစဉ်)**

## ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်း

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက် တင်သွင်းလျက်ရှိရာ ဩဂုတ် ၉ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀ ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၉ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၂၃ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၇၉ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၁၃၃ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၁၉ ဦး စုစုပေါင်း ၃၉၅၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၇၇ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၄၈ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် ရေအမှတ်များနှင့် ရေလှောင်တမံများ၏ ရေအမှတ်များ

**နေပြည်တော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်၊ တိုးမြစ်၊ ငဝန်မြစ်နှင့် ပန်းတနော်မြစ်များ ဖြတ်သန်းစီးဆင်းသည့် မြို့နယ်များအလိုက် ရေအမှတ်များနှင့် နန်ကသူ၊ ကွန်ချောင်း၊ မမြနှင့် ကညင်ရေလှောင်တမံများ၏ ရေအမှတ်အခြေအနေများကို ဇယားဖြင့်ဖော်ပြထားသည်။

| စဉ် | ရေမှတ်စခန်းမြို့ | မြစ်အမည် | အန္တရာယ်ရေမှတ် (ပေ) | စိုးရိမ်ရေမှတ် (ပေ) | ၉-၈-၂၀၁၅ ရက်နေ့တိုင်းထွာမှုရေမှတ်(ပေ) | | |
|---|---|---|---|---|---|---|---|
| | | | | | (၀၆း၀၀) နာရီ | (၁၂း၀၀) နာရီ | (၁၈း၀၀) နာရီ |
| ၁။ | ကြံခင်း | ဧရာဝတီ | ၇၈. ၁၂ | ၇၂. ၀၀ | ၇၃. ၃၅ | ၇၃. ၁၀ | - |
| ၂။ | မြန်အောင် | ဧရာဝတီ | ၇၄. ၆၀ | ၆၇. ၀၀ | ၆၈. ၉ | ၆၈. ၇၀ | - |
| ၃။ | အင်္ဂပူ | ဧရာဝတီ | ၅၅. ၂၁ | ၄၈. ၀၀ | ၅၁. ၇ | ၅၁. ၅၀ | - |
| ၄။ | ဟင်္သာတ | ဧရာဝတီ | ၄၉. ၃၁ | ၄၄. ၀၀ | ၄၇. ၃၅ | ၄၇. ၁၅ | - |
| ၅။ | ဇလွန် | ဧရာဝတီ | ၄၄. ၄၈ | ၃၈. ၀၀ | ၄၀. ၈၅ | ၄၀. ၇၀ | - |
| ၆။ | ဓနုဖြူ | ဧရာဝတီ | ၃၄. ၀၁ | ၂၇. ၄၀ | ၃၀. ၉၅ | ၃၀. ၇ | - |
| ၇။ | ညောင်တုန်း | ပန်းလှိုင် | ၂၈. ၅၃ | ၂၂. ၅၀ | ၂၅. ၅ | ၂၅. ၃ | - |
| ၈။ | မအူပင် | တိုး | ၁၇. ၅၈ | ၁၃. ၂၀ | ၁၄. ၉ | ၁၄. ၆ | - |
| ၉။ | မြို့ကွင်း | ငဝန် | ၄၇. ၆၄ | ၄၄. ၀၀ | ၄၈ | ၄၇. ၈၅ | - |
| ၁၀။ | လေးမျက်နှာ | ငဝန် | ၃၉. ၇၅ | ၃၄. ၀၀ | ၃၆. ၂၅ | ၃၆. ၂၀ | - |
| ၁၁။ | ရွှေဘိုစု | ငဝန် | ၃၆. ၂၀ | ၃၂. ၀၀ | ၃၃. ၇ | ၃၃. ၆၅ | - |
| ၁၂။ | ငါးသိုင်းချောင်း | ငဝန် | ၃၂. ၃၅ | ၂၇. ၀၀ | ၃၁ | ၃၀. ၉၅ | - |
| ၁၃။ | သာပေါင်း | ငဝန် | ၂၂. ၅၅ | ၁၇. ၀၀ | ၂၂. ၂၅ | ၂၂. ၂၅ | - |
| ၁၄။ | ပန်းတနော် | ပန်းတနော် | ၂၀. ၁၆ | ၁၈. ၃၀ | ၂၀. ၅ | ၂၀. ၃၀ | - |

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့်ရေအမှတ် | (၉-၈-၂၀၁၅) ရက်နေ့ နေ့လယ် (၁၂း၀၀)ရေအမှတ် | |
|---|---|---|---|---|
| ၁။ | နန်ကသူရေလှောင်တမံ | ၂၆၀. ၀၀ | ၂၅၉. ၂ | |
| ၂။ | ကွန်ချောင်းရေလှောင်တမံ | ၂၇၇. ၀၀ | ၂၇၇. ၇ | - |
| ၃။ | မမြရေလှောင်တမံ | ၃၁၅. ၀၀ | ၃၁၅. ၂ | - |
| ၄။ | ကညင်ရေလှောင်တမံ | ၂၈၈. ၀၀ | ၂၈၉. ၂ | - |

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စွမ်းအားပြည့်ဆောင်ရွက်နေ ဒေသခံများကလည်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကလေးတပ်နယ်နှင့် ကျီကုန်းတပ်နယ်မှ တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီတွင် ကျီကုန်းတပ်နယ်ရှိ ရေဝင်ရောက်ခဲ့သော တပ်ရင်း၊တပ်ဖွဲ့များ၏ အခြေအနေအား သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ပင်သာရပ်ကွက်၊ ပင်လုံရပ်ကွက်၊ ကလေး-ကလေးဝ ကားလမ်းပေါ်နှင့် ပတ်ဝန်းကျင်လယ်မြေများတွင် နုန်းများ တင်ကျန်နေမှုအခြေအနေကို လိုက်လံကြည့်ရှုပြီး ကလေး-ကလေးဝကားလမ်းပေါ်တွင် တင်ကျန်နေသော နုန်းများကို နယ်မြေခံတပ်မတော်သားများက ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျီကုန်းတပ်နယ်ရှိ ရေဝင်ရောက်ခဲ့သော တပ်ရင်း၊ တပ်ဖွဲ့များသို့ သွားရောက်၍ တပ်ဧရိယာများအတွင်း ရေဝင်ရောက်ခဲ့မှု၊ ရေကျသွားချိန်တွင် နုန်းများ ကျန်ရှိနေမှုနှင့် ရေဝင်ရောက်သော လိုင်းခန်းများမှ မိသားစုများ ရွှေ့ပြောင်းနေရာချထားမှုနှင့် နေထိုင်စားသောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျီကုန်းကျေးရွာအနီး ရာဇဂီရိတောင်ပေါ်ရှိ ရေဆန်ကျွန်းဘုရားသို့ သွားရောက်၍ ရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်ကို ပန်း၊ ဆီမီးနှင့် ရေချမ်းဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ကလေးတပ်နယ်ခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကလေးမြို့မှဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်များအား ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ကလေးဒေသနှင့် ချင်းပြည်နယ်အတွင်း ထူးကဲမိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးဒဏ်များကြုံတွေ့ခံစားရခြင်းအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများပြုလုပ်သွားရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်နိုင်သည့်အတိုင်းအတာအရ စွမ်းအားပြည့် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးကာလ ၆ လခန့် ထောက်ပံ့မှုများပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ထုတ်နုတ်နိုင်သည့် လူအင်အား၊ စက်ယန္တရားပစ္စည်းများ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် အင်တိုက်အားတိုက် ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအဓိကအခက်အခဲမှာ ရေကျသွားချိန်ကျန်ရှိနေသည့် နုန်းများ၊ သစ်ကိုင်းသစ်ခက်နှင့် အမှိုက်သရိုက်များကို သန့်ရှင်းရေးလုပ်ဆောင်ရန်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများအား တပ်မတော်အပိုင်းမှ လူအင်အားထုတ်နုတ်ဆောင်ရွက်နေပြီး ရေစုပ်စက်၊ မီးစက်များ ထပ်မံပို့ဆောင်ပေးလျက်ရှိကြောင်း၊ ဒေသခံများမှလည်း ကိုယ့်အပိုင်းနှင့်ကိုယ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ရေကောင်းရေသန့်ရရှိရေးအပါအဝင် ကျန်းမာရေးထိခိုက်စေနိုင်သည့် ကိစ္စရပ်များအား ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက အဝတ်အထည်များကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေက ခေါက်ဆွဲခြောက်ထုပ်များကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ကြက်ဥများကိုလည်းကောင်း၊ 4 TV နွေးထွေးသော ကမ်းလက်များ မိသားစုက ပစ္စည်းစုံသေတ္တာများကိုလည်းကောင်း ပေးအပ်ကြရာ ကယ်ဆယ်ရေးစခန်း တာဝန်ခံများက အသီးသီးလက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နေ့လယ်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဖလမ်းမြို့သို့ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမတွင် ဖလမ်းမြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးဒဏ်များနှင့် ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားသင့်သည့် ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရန်၊ အရန်ထားရှိသင့်သည့် အစားအစာ၊ ရေ၊ ရိက္ခာပစ္စည်းများကို အသင့်စုဆောင်းထားရှိရန်၊ စည်းလုံးညီညွတ်မှုအင်အားဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလုပ်ကိုင်ဆောင်ရွက်ကြရန်၊ တပ်မတော်သားဘဝကို တန်ဖိုးထားပြီး နိုင်ငံတော်ကို အစဉ်အမြဲအကျိုးပြုနေသည့် အဖွဲ့အစည်းအဖြစ် နှလုံးသွင်း၍ လုပ်ငန်းတာဝန်များကို ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြက်ဥ၊ ကိတ်မုန့်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမတွင် တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ပြည်သူမှအားကိုးရသည့်၊ တိုင်းပြည်မှ အားထားရသည့် တပ်မတော်ဖြစ်စေရေးအတွက် တစ်ဦးချင်းစွမ်းရည်မြင့်မားရေးမှသည် တပ်များစွမ်းရည်မြင့်မားရေးဆီသို့ တိုးမြှင့်၍ ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ အဖွဲ့ဝင်များကလည်း ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလေးမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ ပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလေး-ကလေးဝ ကားလမ်းပေါ်တွင် တင်ကျန်နေသော နုန်းများကို နယ်မြေခံ တပ်မတော်သားများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုအားပေးစဉ်။

## မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ကူညီထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ရေဘေးသင့်ပြည်သူများအတွက် မန္တလေးမြို့ ဗြဟ္မစိုရ် လူမှုကူညီရေးအသင်းမှ ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁နာရီခွဲတွင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး တက်ရောက်ပြီး ရေဘေးသင့်ပြည်သူများကိုယ်စား လှူဖွယ်ပစ္စည်းများကို လက်ခံသည်။

အဆိုပါရေဘေးသင့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ပြည်သူများအတွက် ဆရာတော် ဘဒ္ဒန္တတိက္ခ အမှူးပြုသော ဒါယကာ၊ ဒါယိကာမများက ဆန် ၃၄ အိတ်၊ ရေသန့်(ကြီး) ၄၈ ကတ်၊ အဝတ်အထည် အထုပ် ၁၂၀၊ ရေသန့်(သေး) ၃၉ ကတ်၊ ဆီပုလင်း ၇၀၊ မုန့်ထုပ် (ဂျပ်ဖာ) ၁၃ဖာ၊ လက်ဖက်ခြောက်ထုပ် ၂၀၀၀ နှင့် လျက်ဆားပုလင်း ၃၆၀ တို့ကိုလည်းကောင်း၊ မန္တလေးမြို့ ဗြဟ္မစိုရ်အသင်းကြီးနှင့် အလှူရှင်များက သက်န်းဒွိစုံအိတ် ၃၀၀၊ ဆန်အိတ် ၅၀၊ ရေသန့်(ကြီး) ကတ် ၃၀၀၊ လက်ဖက်ခြောက်ထုပ် ၃၀၀၊ ခေါက်ဆွဲခြောက်ထုပ် ဖာ ၃၀၀၊ ခါတ်မီး အလက် ၃၀၀၊ ရေပုံး အလုံး ၃၀၀၊ နှစ်ပြန်ကြော် (၅၀ ကျပ်သား)အထုပ် ၃၀၀၊ ဆပ်ပြာမှုန့်အိတ် ၃၀၀၊ စောင်အထည် ၃၀၀၊ ယိုးဒယားဖျာ ဖာ ၃၀၀၊ ဝေဖာ ၁၃ ဖာ၊ ခါတ်ဆား တစ်ဖာနှင့် ဆား ခြောက်အိတ် တို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဗဟိုပုံနှိပ်စက်ရုံကို ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်

**ရန်ကုန် ဩဂုတ် ၉**

စကော့လူမျိုး ဗိသုကာ ဂျွန်ဘာ့ဂ် ဒီဇိုင်းရေးဆွဲခဲ့ကာ ၁၉၀၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၁၂ ခုနှစ်တွင် ပြီးစီးခဲ့သည့် ဗြိတိသျှအစိုးရ၏ သန်းခေါင်စာရင်းနှင့် ပြန်တမ်းများကို ပုံနှိပ်ခဲ့ရာ အဆောက်အအုံတစ်ခုဖြစ်သော ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ယခု ပြန်ကြားရေးဝန်ကြီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းတပ်ဆင်ပေးခဲ့သည်။

အဆိုပါ အဆောက်အအုံကို လွတ်လပ်ရေးရရှိပြီး ချိန်နှင့် ဆိုရှယ်လစ်ခေတ်များတွင် ဗဟိုပုံနှိပ်စက်ရုံအဖြစ် ထပ်မံတိုးချဲ့ခဲ့ပြီး ဝန်ကြီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများက မှာယူသည့်စာအုပ်၊ စာတမ်းလိုအပ်ချက်များကို ပြည့်မီအောင် ရိုက်နှိပ်ပေးခဲ့သည်။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဖွဲ့စည်းပြီးနောက် ခေတ်မီပုံနှိပ်စက်များမှာယူ၍ ယနေ့တိုင် ပုံနှိပ်ထုတ်ဝေလျက်ရှိသော်လည်း မူလလက်ရာမပျက် အခိုင်အခံ့တည်ရှိနေဆဲ အဆောက်အအုံတစ်ခုဖြစ်သည်။

ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ်အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနခွဲမှူး ဦးဇော်မင်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကဲ့သို့ စာအုပ်၊ စာပေနှင့်သက်ဆိုင်သည့်လုပ်ငန်းများအတွက် နေရာစီစဉ်ဖန်တီးပေးနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက အစပျိုးဆောင်ရွက်ပေးသည်ကို YHT အနေဖြင့် ကြိုဆိုပါကြောင်း ဒေါက်တာသန့်သော်ကောင်းက ပြောသည်။

ထို့နောက် YHT ၏အကြီးတန်းဗိသုကာ Mr. David Gole က ဗဟိုပုံနှိပ်စက်ရုံတွင် ဆောင်ရွက်သွားမည့် အဆိုပြုလိုသည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယနေ့ ဗဟိုပုံနှိပ်စက်ရုံတွင် တပ်ဆင်သည့် အပြာရောင်ကမ္ပည်းပြားသည် ရန်ကုန်မြို့ပြဧရိယာအတွင်း သတ္တမမြောက် တပ်ဆင်ခြင်းဖြစ်သည်။ အပြာရောင်ကမ္ပည်းပြားဆိုသည်မှာ လူအများနှင့် သက်ဆိုင်သောနေရာများတွင် အဆိုပါနေရာများနှင့် ဆက်စပ်နေသည့် သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် သမိုင်းအဖြစ်အပျက်များအကြောင်းကိုဖော်ပြပြီး မြို့၏အမှတ်အသားတစ်ခုအဖြစ် တပ်ဆင်ထားရှိမည့် အထိမ်းအမှတ်ကမ္ပည်းပြား ဖြစ်သည်။



**နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဗဟိုပုံနှိပ်စက်ရုံကို ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်း တပ်ဆင်ထားစဉ်။**

အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံးဖော်ပြနိုင်မည့် နည်းလမ်းများအနက် တစ်ခုဖြစ်ကြောင်း၊ အများပြည်သူက အဆိုပါ ကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ လေ့လာနိုင်ကြောင်းကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(Yangon Heritage Trust-YHT)က သတင်းထုတ်ပြန်ထားသည်။

၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့သော YHT သည် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များအား ခြုံငုံပြီး စနစ်တကျ စီမံခန့်ခွဲသည့် ထိန်းသိမ်းစောင့်ရှောက်ရေးကို အားပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ် ဇွန်လမှစ၍ Royal Philips Corporation နှင့် YHT တို့ပူးပေါင်း၍ ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် အပြာရောင်ကမ္ပည်းပြားများကို တပ်ဆင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# သမိုင်းပညာရှင်ဒေါက်တာသန့်မြင့်ဦးအား ဖူကူအိုကာ အာရှယဉ်ကျေးမှုဆု ချီးမြှင့်

**သတင်း-ရီရီမြင့်၊ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် ဩဂုတ် ၉**

ဒေါက်တာသန့်မြင့်ဦးအား ဂျပန်နိုင်ငံကပေးအပ်သည့် ဖူကူအိုကာ အာရှယဉ်ကျေးမှုဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် ဖူကူအိုကာမြို့တော်ဝန် Mr. Soichiro Takashima က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖူကူအိုကာမြို့တော်နှင့် ဖူကူအိုကာဆုအကြောင်းရှင်းပြ၍ ဆုရရှိသူ ဒေါက်တာသန့်မြင့်ဦးအား ဖူကူအိုကာ အာရှယဉ်ကျေးမှုဆုကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**




ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ichiro Maruyama တို့ကလည်း ဂုဏ်ပြုအမှာစကားများပြောကြားခဲ့ကြရာ ဒေါက်တာသန့်မြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သမိုင်းပညာရှင် ဒေါက်တာသန့်မြင့်ဦးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့်၏မြေးဖြစ်သည်။ ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယော့ခ်မြို့၌ မွေးဖွားခဲ့သည်။ ဟားဗတ်တက္ကသိုလ်မှဘွဲ့ရခဲ့ကာ ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်တွင် အဆင့်မြင့်နိုင်ငံတကာလေ့လာမှုသင်ကြားခဲ့ကာ နိုင်ငံတကာဆက်ဆံရေးပညာသဘောတရားနှင့် နိုင်ငံတကာ ဘောဂဗေဒမဟာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်တစ်ဦးအနေဖြင့် ကမ္ဘောဒီးယား၊ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့တွင် ငြိမ်းချမ်းရေးတည်ဆောက်မှု လှုပ်ရှားဆောင်ရွက်မှုများတွင် ဆောင်ရွက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သမိုင်းပညာပါရဂူဘွဲ့ကို ရရှိခဲ့သည်။

ဒေါက်တာသန့်မြင့်ဦးသည် မြန်မာနိုင်ငံသမိုင်းကို နိုင်ငံတကာအမြင်ဖြင့် ရှင်းလင်းစွာ ခွဲခြမ်းစိတ်ဖြာပြီး အနုပညာမြောက်စွာ ဖော်ထုတ်ရေးသားခဲ့သည့် ထူးချွန်သော သမိုင်းပညာရှင်တစ်ဦးဖြစ်သည်။ ကုလသမဂ္ဂတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များမှ ရရှိခဲ့သော အတွေ့အကြုံများကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကိစ္စရပ်များကို ဖော်ဆောင်ရာတွင်လည်း ပါဝင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင် ပထမဦးဆုံး ရေးသားခဲ့သော "The Making of Modern Burma" ဝတ္ထုတွင် အမျိုးသားရေးဆိုင်ရာ ထင်ရှားသော လက္ခဏာများနှင့် လက်ရှိအမျိုးသားရေး နောက်ခံအခြေအနေသည် ဗြိတိသျှကိုလိုနီခေတ် ၁၉ ရာစုနောက်ပိုင်းတွင် ဖြစ်တည်လာခဲ့သည်ဟု ရေးသားခဲ့ရာ လူအများ၏ အာရုံစိုက်မှုကို ရရှိခဲ့သည်။ ထို့နောက် ၂၀၀၆ ခုနှစ်တွင် "ခြေရာပျောက်မြစ်" စာအုပ်တွင် ၎င်းမိသားစုဇာတ်ကြောင်းအပါအဝင် မြန်မာနိုင်ငံရှိ လူအများ၏ သမိုင်းကြောင်းကိုအရင်းခံကာ နိုင်ငံ့သမိုင်းကို ဘက်ပေါင်းစုံမှ သရုပ်ဖော်ရေးသားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် နောက်ဆုံးထုတ်ဝေခဲ့သော "တရုတ်နှင့် အိန္ဒိယဆုံမှတ်-မြန်မာနိုင်ငံနှင့် အာရှ၏ လမ်းဆုံ လမ်းခွသစ်များ" စာအုပ်တွင် အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊အိန္ဒိယနိုင်ငံတို့နှင့် နီးစပ်ဆက်သွယ်နေသည့် မြန်မာနိုင်ငံသမိုင်းအား ဝေးလံခေါင်ဖျားဒေသများရှိ နယ်စပ်ဒေသများနှင့် လူ့အဖွဲ့အစည်း၏ အခြေခံ၊ လူအများ၏ရှုထောင့်များမှ ပြန်လည်သုံးသပ်ကာ အတိတ်၊ပစ္စုပ္ပန်၊ အနာဂတ်တွင် ဆက်လက်လုပ်ဆောင်နေသော ထူးခြားဖြစ်စဉ်များကိုရေးသားခဲ့သည်။အဆိုပါ စာအုပ်ကို ဂျပန်ဘာသာပြန်ဆိုကာ ၂၀၁၄ ခုနှစ် (၂၆) ကြိမ်မြောက် အာရှ-ပစိဖိတ်ဆိုင်ရာ အထူးဆု (Mainichi သတင်းစာတိုက်၊အာရှသုတေသနဌာနပူးတွဲထောက်ပံ့ဆု)ကို ရရှိခဲ့သည်။

ဒေါက်တာသန့်မြင့်ဦးသည် ၂၀၁၀ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကိုတည်ထောင်ပြီး ဥက္ကဋ္ဌအဖြစ်နှင့် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်အဆောက်အအုံများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းအားထုတ်၍ မြို့ပြစီမံကိန်းနှင့်ပတ်သက်၍ အကြံပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဝင်တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၏ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်၍ ၂၀၁၅ ခုနှစ် မတ်လတွင် အစိုးရနှင့် တိုင်းရင်းသားလူမျိုးများအကြား အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုမှုတွင် များစွာအထောက်အပံ့ပြုခဲ့သည်။

ယနေ့မြန်မာနိုင်ငံသည် အာရှတွင် အာရုံစိုက်အခံရဆုံးသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်သူများ၏ အနာဂတ်ဖွံ့ဖြိုးမှုများအတွက် စီမံခန့်ခွဲမှုများ၊ဆယ်စုနှစ်တော်တော်များများ တံခါးပိတ်ဝါဒကြောင့် နောက်ကျကျန်ရစ်ခဲ့သည့် လုပ်ငန်းများနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနေရသည့် အချိန်တွင် ဒေါက်တာသန့်မြင့်ဦးအနေဖြင့် ပြည်သူများ၏ဆန္ဒကို ကိုယ်စားပြုကာ နိုင်ငံတကာပတ်ဝန်းကျင်နှင့် ထိတွေ့စေခဲ့သည်။ထိုကဲ့သို့အာရှနှင့်လူ့ဘောင်အဖွဲ့အစည်းများအတွက် အများနှင့်မတူဘဲ ထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖူကူအိုကာဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဆုချီးမြှင့်ပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများတက်ရောက်ကြသည်။

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဒုတိယအကြိမ်) ဗဟိုအလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

**ရန်ကုန် ဩဂုတ် ၉**

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ UMFCCI၌ ကျင်းပသည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဒုတိယအကြိမ်) နိုင်ငံလုံးဆိုင်ရာ ညီလာခံနှင့်အတူ ဗဟိုအမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲတွင် တက်ရောက်လာကြသည့် အသင်းဝင်များက ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်စိုးဦးက မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဒုတိယအကြိမ်)၏ ဥက္ကဋ္ဌအဖြစ် ဦးသီဟစော၊ အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းတို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၅ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး အတည်ပြုသည်။

**အောင်သူရ**

# ဒို့ကျေးရွာဂျာနယ်ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများ ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

**ရေးသားယှဉ်ပြိုင်နိုင်**

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော် အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက်ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့် ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင်ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ကျပ် ၁၂၅၀၀၀၊ တတိယဆု ကျပ် ၁၀၀၀၀၀၊ အထူးဆု ကျပ် ၇၅၀၀၀ စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်သည်။

**စာမူပေးပို့နိုင်**

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံး ထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရခိုင်ဒေသရေဘေးရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများ တန် ၁၀၀၀ ဆံ့ သင်္ဘောဖြင့် တင်ပို့ပေးနေ



**ရန်ကုန်　ဩဂုတ်　၉**

CB-KMA Foundation မှ ရခိုင်ဒေသရေဘေးရှောင် ပြည်သူများအတွက် တန် ၁၀၀၀ ဆံ့ MV အမရာ(၇) သင်္ဘောဖြင့် ရန်ကုန်ရွှေပြည်သာရှိ ရွှေမဲဆိပ်ခံတံတားမှ ရခိုင်ပြည်နယ်သို့ ယနေ့နံနက်ပိုင်းတွင် စတင်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

CB-KMA Foundation မှ လှူဒါန်းသော အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါး၊ ရေသန့် စသည့် ပစ္စည်းများ၊ အလှူရှင်အသီးသီးမှ တစ်ဆင့် လှူဒါန်းထားသောပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးအတွက် လက်တွန်းထွန်စက် အစီး ၁၀၀၊ World Food Program(WFP)မှ လှူဒါန်းထားသော High Energy ဘီစကွတ်ကွန်တိန်နာ ခြောက်လုံး၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းမှ လှူဒါန်းထားသော ကွန်တိန်နာ ငါးလုံးတို့ကို တင်ဆောင်သွားမည်ဖြစ်သည်။ CB-KMA Foundation အနေဖြင့် အများပြည်သူများ လှူဒါန်းထောက်ပံ့သည့် ပစ္စည်းများကို ရခိုင်ဒေသသို့ အဆင်ပြေစွာ ရောက်ရှိနိုင်ရေးအတွက် ရေလမ်းခရီးဖြင့် ဆက်လက်ကူညီပေးသွားမည်ဖြစ်သည်။

ယခင်ရက်များတွင် အရေးတကြီးလိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လေကြောင်းလိုင်းဖြင့် တိုက်ရိုက်ပို့ဆောင်ပေးခဲ့ပြီး ယနေ့မှစတင်၍ အလှူရှင်များ၏ ကူညီထောက်ပံ့ရေးပစ္စည်းများကို ပိုမိုလွယ်ကူစွာနှင့် ပမာဏများပြားစွာ သယ်ယူပို့ဆောင်နိုင်ရန် ယခုကဲ့သို့ တန်ချိန် ၁၀၀၀ ဆံ့ ကုန်တင်သင်္ဘောဖြင့် သယ်ဆောင်ပေးပို့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

CB-KMA Foundation မှ ဦးစားပေးအစီအစဉ်ဖြင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလိုတော်ပြည့် ဆရာတော်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အကူအညီပေးသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် CB Bank ၏ ဘဏ်ခွဲများနှင့် Golden Myanmar Airline ရုံးများသို့ လာရောက်လှူဒါန်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၉၀၂၄၈၇၊၀၉-၇၉၅၉၃၇၄၉၇၊၀၉-၅၀၈၉၁၈၅၊၀၉-၅၁၅၄၉၆၃၊ CB Bank Donation Hotline Number ၀၉-၂၆၂၀၈၇၀၈၊ ၀၉-၂၆၂၀၈၇၀၉၊ ၀၉-၂၆၂၀၈၇၁၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကလေးမြို့တွင် လျှပ်စစ်မီးလိုင်းများ ပြန်လည်ပြုပြင်လျက်ရှိ

**ကလေး　ဩဂုတ်　၉**

ကလေးမြို့ပေါ်အတွင်း ဇူလိုင် ၂၉ ရက်မှစတင်၍ ဩဂုတ် ၃ ရက်အထိ ရေကြီးနစ်မြုပ်ခဲ့ရာ လူနေအိမ်များ၊ စက်ရုံများ၊ အလုပ်ရုံများ ရေနစ်မြုပ်ခဲ့သဖြင့် မီတာများ ရေနစ်မြုပ်ပျက်စီးခြင်း၊ ဓာတ်တိုင်များ တိမ်းစောင်းပြိုလဲခြင်းနှင့် ဓာတ်ကြိုးများ ပြတ်တောက်ခြင်းများကြောင့် လျှပ်စစ်မီးလိုင်းများ အမြန်ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

"အိမ်တိုင်းရေမြုပ်တယ်။ မီတာနဲ့ ဓာတ်ကြိုးတွေက ရေနစ်တော့ သုံးလို့မရတော့ဘူး။ မီတာတွေက အသစ်ပြန်လဲပေးပါမယ်။ ဓာတ်ကြိုးတွေက ရေစိုတော့ သုံးမရတော့ဘူး။ အခုလိုင်းကြိုးတွေစစ်ပြီးရင် လမ်းမီးအရင်လွှတ်ပေးမယ်။ ပြီးရင် ရေမမြုပ်တဲ့ရပ်ကွက်တွေ မီးပေးနိုင်အောင် ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ဓာတ်တိုင်အချို့က ရေကြောင့်လဲတာ၊ တိမ်းစောင်းတာတွေရှိတော့ အမြန်ဆုံးဆောင်ရွက်နေပါတယ်"ဟု လျှပ်စစ်မီးလိုင်းများ လိုက်လံစစ်ဆေးနေသော လျှပ်စစ်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ယခုအခါ ကလေးမြို့ပေါ်တွင် မီးအမြန်ပြန်လည်ထုတ်လွှတ်ပေးနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများက အိမ်သုံးလျှပ်စစ်မီတာများ စစ်ဆေးခြင်း၊ ဓာတ်ကြိုးများ စစ်ဆေးခြင်း၊ ဓာတ်တိုင်များ ပြန်လည်စိုက်ထူခြင်းလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ ကလေးမြို့နှင့် ဟားခါးမြို့များ ပြန်လည်ထူထောင်ရေးအတွက် ကူညီဆောင်ရွက်သွားမည်

**ရန်ကုန်　ဩဂုတ်　၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့်ချင်းပြည်နယ် ဟားခါးမြို့တို့အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို နေ့ညမအား အင်တိုက်အားတိုက် ကူညီဆောင်ရွက်ခဲ့သော "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း" သည် ယခုကာလမှစတင်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သော ဗလာစာအုပ်၊ ခဲတံစသည့် စာရေးကိရိယာများ၊ စာသင်ခုံများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ဆေးရုံ၊ လူနာများအတွက် ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးများအား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ပြောကြားခဲ့သည်။

ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် လိုအပ်သော ဆေးဝါးနှင့် လူမှုအသုံးအဆောင်ပစ္စည်းများ၊ ဆန်နှင့် အခြား အခြေခံစားသောက်ကုန်များ၊ တောင်သူလယ်သမားများအတွက် စပါးစိုက်ပျိုးနိုင်ရန် ကုန်ကျစရိတ်များကို စိုက်ထုတ်လှူဒါန်းသွားမည် ဖြစ်ကြောင်းနှင့် အခြားအခြေခံလိုအပ်ချက်များကိုလည်း ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ဖြည့်ဆည်းပံ့ပိုးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်အခြေစိုက် ပရဟိတလူငယ်များအသင်းသို့ ငွေလှူ

**ရန်ကုန်　ဩဂုတ်　၉**

မြန်မာနိုင်ငံအနှံ့အပြားရှိ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးမှုများပြုလုပ်နိုင်ရန် ဩဂုတ် ၅ ရက်က ရန်ကုန်မြို့ Sedona Hotel တွင် ပြုလုပ်သည့် Babi Mild Brand Ambassador



ခန့်အပ်ခြင်းနှင့် web page စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားတွင် အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် Babi Mild ကုမ္ပဏီက အလှူငွေကျပ် ၁၀ သိန်းနှင့် တေးသံရှင်ဇော်ပိုင်မိသားစုက ကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်အခြေစိုက် ပရဟိတလူငယ်များကွန်ရက်ကို ရန်ကုန်အတွင်းရှိ ပရဟိတလူငယ်အဖွဲ့ အစည်း ၅၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့အနေဖြင့် ကောက်ခံရရှိသော အလှူငွေများကို ဩဂုတ်လအတွင်း အမှန်တကယ်လိုအပ်နေသော နေရာဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

# ရေများ ပြန်လည်ကျဆင်းပြီဖြစ်၍ ပြည်သူများ မိမိအိမ်ပြန် သန့်ရှင်းရေးဆောင်ရွက်

**မြောင်းမြ　ဩဂုတ်　၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် အနိမ့်ပိုင်းဖြစ်သော ကံ့ကော်မြိုင် ရပ်ကွက်တွင် လူနေအိမ်များအတွင်း ရေများဝင်ရောက်ကာ ရပ်ကွက်နေပြည်သူများမှာ ရေဘေးကင်းလွတ်ရာ ကယ်ဆယ်ရေးစခန်းများတွင် သွားရောက်ခိုလှုံခဲ့ရပြီး ယခုအခါ ရပ်ကွက်အတွင်း ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သောကြောင့် ကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ မိမိအိမ်နေရာများသို့ အသီးသီးပြန်လည်နေထိုင်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူများကို အမက(၉) ဇေယျမေဒနီမူလတန်းကျောင်း၊ စစ်တလင်း မူလတန်းကျောင်း၊ သရက်ကုန်းဘုန်းတော်ကြီးကျောင်း၊ ပညာဇေယျ ဘုန်းတော်ကြီးကျောင်းများတွင် ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးတို့ကို တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များ၊ မီးသတ်၊ ရဲတပ်ဖွဲ့၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများက စောင့်ရှောက်ကူညီပေးခဲ့ကြပြီး ယခုအခါ ရပ်ကွက်အတွင်း ရေကျဆင်းသွား၍ စိုးရိမ်စရာမရှိတော့သဖြင့် အဆိုပါ ကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းပြီးဖြစ်ကြောင်း အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



ရေကျသွားပြီဖြစ်သဖြင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် နောက်ဆက်တွဲပြဿနာများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလင်းထွဋ်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက နေအိမ်များရှိ အဝီစိတွင်း၊ ရေတွင်း၊ ရေကန်များကို Bleaching Powder များ ခတ်ပေးခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် မဖောက်ထုံး ဖြူးပေးခြင်းတို့ကို လိုက်လံဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်အတွင်း သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (ပြန်/ဆက်)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါး စုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ ၂၀၁၅ ခုနှစ် ဩဂုတ် (၈) ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | စုဆောင်းပြီးမျိုး | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဒေသတွင်း | | တိုင်းပြင်ပ | | ပေါင်း | |
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | ၁၅၀၀၀ | - | - | - | ၁၅၀၀၀ | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၈၄ | ၁၂၄၉၂ | ၁၀၀၉၅ | ၃၅၄ | ၁၇၅၀ | ၁၆၀၀ | - | - | ၁၇၅၀ | ၁၆၀၀ |
| ၃။ | ကယားပြည်နယ် | ၉၉ | ၉၉ | ၅၇ | - | - | ၄၅၀၀ | - | - | - | ၄၅၀၀ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | - | ၅၀၀ | - | - | - | ၅၀၀ | - |
| ၅။ | ချင်းပြည်နယ် | ၂၈၉၇ | ၂၄၁၀ | ၂၄၆၇ | ၁၀၄၁ | - | ၁၃၀ | - | - | - | ၁၃၀ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၄၆၉ | ၁၅၃၃၃၆ | ၁၂၂၆၅၀ | ၆၁၄၁၀ | ၂၄၂၅ | ၄၀၈၅၀ | - | - | ၆၆၀၀၀ | ၄၀၈၅၀ | ၆၆၀၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - | ၁၀၀ | - | - | - | ၁၀၀ | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၅၀၀၀၀ | ၁၉၄၆၇၂ | ၅၆၀၄၀ | ၁၅၆၆၃ | - | ၅၀၀၀၀ | ၂၅၀၀၀ | - | - | ၅၀၀၀၀ | ၂၅၀၀၀ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၆၄၉၀၀ | ၈၃၀၇၀ | ၉၁၁၆၈ | ၅၈၅၀၅ | - | ၆၄၉၀၀ | ၁၀၀၀၀ | ၁၀၁၀၀ | - | ၇၅၀၀၀ | ၁၀၀၀၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၀၀၀၀ | ၃၅၀၃ | ၂၄၄ | ၁၄ | ၅ | ၃၀၀၀၀ | - | - | - | ၃၀၀၀၀ | - |
| ၁၁။ | မွန်ပြည်နယ် | ၁၆၃၂၀ | ၁၃၀၁၀ | ၃၉၀ | - | - | ၁၆၃၂၀ | - | - | - | ၁၆၃၂၀ | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၁၇၂၄၆ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၄၂၅၉ | ၇၂၅ | ၂၁၇၂၄၆ | - | - | - | ၂၁၇၂၄၆ | - |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၇၇၆၉၉ | ၃၁၆၀၉ | ၁၅၄၅၁ | ၅၀၅ | ၁၃ | ၃၈၇၀၀ | - | - | - | ၃၈၇၀၀ | - |
| ၁၄။ | ရှမ်းပြည်နယ် | ၁၁၁၆၇ | ၁၀၆၁၇ | ၂၀၆၆ | ၉၄၀ | ၁၂၆ | ၁၄၀၀၀ | ၁၀၀၀၀ | - | - | ၁၄၀၀၀ | ၁၀၀၀၀ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၈၆၅၇ | ၇၇၃၃၀ | ၆၄၄၂၇ | ၄၅၄၁၉ | - | ၄၅၀၀၀၀ | - | - | - | ၄၅၀၀၀ | - |
| | ပြည်ထောင်စုချုပ် | ၁၂၈၀၉၃၂ | ၈၉၀၅၄၄ | ၆၄၁၂၂၂ | ၄၀၇၉၂၅ | ၃၆၄၈ | ၉၄၃၉၉၆ | ၄၆၆၀၀ | ၁၀၁၀၀ | ၆၆၀၀၀ | ၉၅၄၀၉၆ | ၁၁၂၆၀၀ |

## ကျောက်တော်မြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကျောက်တော် ဩဂုတ် ၉**

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၄ ရက် အထိဖြစ်ပွားခဲ့သော လေပြင်းမုန်တိုင်းနှင့် ရေလွှမ်းမိုးမှုတို့ကြောင့် ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက်၌ တယ်လီဖုန်းတိုင်များနှင့် လျှပ်စစ်မီးတိုင်များ ပြိုလဲခဲ့သည်။ ယခုအခါ ရေကြီးမှုများ၊ မုန်တိုင်းများပြီးဆုံးသွားသဖြင့် ပြိုလဲခဲ့သော တယ်လီဖုန်းတိုင်အချို့ကို ဆက်သွယ်ရေးဝန်ထမ်းများနှင့် လုပ်သားပြည်သူများက ဩဂုတ် ၈ ရက်တွင် ပြန်လည်စိုက်ထူလျက်ရှိသည်။

ကျောက်တော်မြို့နယ်တွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် ရေဘေးသင့်ပြည်သူများအား ဝေငှရန် အဖွဲ့အစည်းအသီးသီးမှ ပေးပို့လှူဒါန်းသော ဆန်နှင့် စားနပ်ရိက္ခာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြောင်း သိရသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ စားဝတ်နေရေး အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိရာ အဖွဲ့အစည်းအသီးသီးက ပေးပို့သော ဆန်နှင့် စားနပ်ရိက္ခာများကို ခေါင်းတုတ်ကျေးရွာသို့ ပေးပို့ရန် တပ်မတော်သားများက ဩဂုတ် ၇ ရက်တွင် မော်တော်ယာဉ်များဖြင့် ပို့ဆောင်နေကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ရေကြီးရေလျှံဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသည် အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြီးကြပ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းနှင့် အဖွဲ့သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးစတိုနှင့်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ရေဝင်ရောက်ခဲ့သော ဥယျာဉ်ကျစ်နှင့် ကုန်းစောင်းကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအား ကြီးကြပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ညွှန်ကြားရေးမှူး ဒေါက်တာသန္တာလွင်နှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့တွင် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာမြသိန်းနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့တို့တွင်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာသက်သက်မူနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ရွှေနှင့် အဖွဲ့သည် ကျောက်တော်မြို့နယ်တွင်လည်းကောင်း၊ညွှန်ကြားရေးမှူး ဒေါက်တာသိဂီမြင့်နှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်နှင့် အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်သည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ချင်းပြည်နယ် ဟားခါးမြို့နယ်၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ လှူဒါန်းသောငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ လိမ်းဆေးဘူးများကိုလည်း ထည့်သွင်းဖြန့်ဝေပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေဘေးသင့်ဒေသများအလိုက် ဩဂုတ် ၈ ရက်အထိ ဆေးနှင့် ဆေးပစ္စည်းများပို့ဆောင်ထောက်ပံ့ထားမှု စုစုပေါင်းမှာ ကလိုရင်းရေသန့်စင်ဆေးမှုန့် Bleachine Powder (၅၀ ကီလိုဂရမ်ပုံး) ၂၃၂ ပုံး၊ ဆေးစိမ်ခြင်ထောင်အထည် ၃၄၃၀၊ ရေသန့်ဆေး ထုပ် ၁၄၄၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀ နှင့် အိမ်သာခွက် ၆၇၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကလေးမြို့တွင် သန့်ရှင်းရေးနှင့် ရေတွင်းများ ဆေးခတ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ကလေး ဩဂုတ် ၉**

ကလေးမြို့နယ်အတွင်း ဇူလိုင် ၂၉ ရက်မှစတင်၍ ဩဂုတ် ၃ ရက်အထိ ရေကြီးနစ်မြုပ်ခဲ့ရာ ဩဂုတ် ၅ ရက်မှ စတင်၍ သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ယနေ့အောင်မင်္ဂလာရပ်ကွက်ရှိလမ်းများတွင်လည်း ရပ်ကွက်ပြည်သူများနှင့် စည်ပင်ဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများကလည်း ရေကြီးမှု၏နောက်ဆက်တွဲဖြစ်ပွားတတ်သည့် ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ရေတွင်း၊ ရေကန်၊ ရေတုန်ကင်များပါမကျန် ကလိုရင်းဆေးများ ခတ်ပေးလျက်ရှိသည်။

"ကျွန်တော့်အိမ်ဟာ အမြင့်ပေ ၂၀ ရှိပါတယ်။ ရေက ၁၆ ပေလောက်အထိတက်တော့ ဘာမှလုပ်မရတော့ဘူး။ ဘာပစ္စည်းမှလည်း ကောင်းတာမရဘူး။ ရေကငါးရက်လောက် ပြည့်လျှံသွားတော့ ပစ္စည်းတွေ ပျက်စီးကုန်တယ်။ ကျွန်တော့်အဘွားက အသက်(၈၂)နှစ်ရှိပြီ။ အခုလို ရေတက်တာ သူ့တစ်သက် မမြင်ဘူးလို့ လန့်နေတယ်။ အိမ်အောက်ထပ်ရေနစ်တော့မှ မိသားစုလိုက်တောင်ဖီလာဘုန်းတော်ကြီးကျောင်းကို ပို့လိုက်ရတယ်။ ရေပြန်ကျတော့ အိမ်သန့်ရှင်းရေးအရင်လုပ်ရတယ်။ အခုရေတုန်ကင်ကို ပြင်ရတယ်။ ရေက ရှားပြီး ရေလိုအပ်ချက်ကများတော့ ရေကိုချွေတာသုံးရတယ်။ အခုရေတုန်ကင်ထဲကို ကျန်းမာရေးဌာနက ကလိုရင်းဆေးခတ်ပေးတော့ ဝမ်းရောဂါနဲ့ တခြားရောဂါတွေ ကာကွယ်ပြီးသားဖြစ်ပါတယ်။ ကျွန်တော့်လိုပဲ ရပ်ကွက်တစ်ခုလုံး ရေနစ်ခဲ့တော့ တစ်ရပ်ကွက်လုံးကို ဆေးတွေလိုက်ခတ်ပေးတဲ့ ကျန်းမာရေးဌာနက ဆရာမလေးတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု အောင်မင်္ဂလာရပ်ကွက်မှ ရေနစ်မြုပ်ခဲ့သည့် အိမ်ရှင်တစ်ဦးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



# တပ်မတော်မှ ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော်အနေဖြင့် ရေဘေးသင့်ပြည်သူများသို့ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခရီးစဉ်များတွင် လှူဒါန်းမှုငွေကျပ် သိန်း ၉၀၀ ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်များမှ ဆန်အိတ် ၁၀၄၅ အိတ်၊ နို့ဆီဘူး ၅၀၊ ထင်းကား သုံးစီး၊ မုန့်ဖာ ငါးဖာ၊ ကုလားပဲ ၁၆အိတ်၊ ဒီဇယ် ငါးဂါလန်၊ စောင် ၄၉ ထည်၊ ထမင်းဘူး ၂၈၆၇၃ ဘူး၊ ကြက်ဥ ၉၆၉၉ လုံး၊ ငွေကျပ် ၁၄၆၈၄၂၃၂ ကျပ်၊ အဝတ်အထည်မျိုးစုံ ငါးထုပ်၊ ရေသန့်ဘူးသေး ၁၃၃၂၇ ဘူး၊ ရေသန့်ဘူးကြီး ၁၃၉၂ ဘူးနှင့်ဂါလန် ၆၀၀၀၊ ဆီ ၁၁၄၈ ပိဿာ၊ ဆား ၁၃ အိတ်၊ ခေါက်ဆွဲခြောက် ၂၂၇၂ ဖာ၊ ငါးပိ ငါးအိတ်၊ အာလူး ၈၃၉ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၅၀၀၊ ငါးခြောက် ၁၀၁ ပိဿာ၊ ငရုတ်သီးခြောက် ၁၈ ပိဿာ၊ ဆီပုံးခွံ ၃၅လုံး၊ အသားတုံ ပိဿာ ၁၀၀၊ အသားဘူး သုံးဖာ၊ အသီးအရွက်ဘူး ခြောက်ဖာ၊ စည်သွတ်ဘူး ၁၉ဖာ၊ တီးမစ် ၁၅ ဖာ၊ ငါးပိဿာ ၇၀ တို့ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ရေသန့်ဘူးသေး ၄၀၀၂ ဘူး၊ ရေသန့်ဘူးကြီး ၂၈ ဘူး၊ ခေါက်ဆွဲခြောက် ၁၀၈ ဖာ၊ စည်သွတ်ဘူး ၁၂၄၇ ဖာ၊ တီးမစ် ၁၀ဖာ၊ Malta Fresh ၁၃၁ ကတ်၊ Sparkling Lemon ၁၅၃ ဖာ၊ ဘီစကွတ် ၂၄၆ ဖာတို့ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ရေသန့်ဘူးသေး ၇၉၇၀၊ ခေါက်ဆွဲခြောက်ဖာ ၂၃၇၀၊ အချိုရည် ၁၂၁ ဖာတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်း ဆန်အိတ် ၁၀၄၅ အိတ်၊ နို့ဆီဘူး ၅၀၊ ထင်းကား သုံးစီး၊ မုန့် ငါးဖာ၊ ကုလားပဲ ၁၆အိတ်၊ ဒီဇယ် ငါးဂါလန်၊ စောင် ၄၉ ထည်၊ ထမင်းဘူး ၂၈၆၇၃ ဘူး၊ ကြက်ဥ ၉၆၉၉ လုံး၊ ငွေကျပ် ၁၀၄၆၈၄၂၃၂၊ အဝတ်အထည်မျိုးစုံပါ ငါးထုပ်၊ ရေသန့်ဘူးသေး ၂၅၃၀၉ ဘူး၊ ရေသန့်ဘူးကြီး ၁၄၂၀ နှင့် ဂါလန် ၆၀၀၀၊ ဆီ ၁၁၄၈ ပိဿာ၊ ဆား ၁၃အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၄၇၅၀၊ ငါးပိ ငါးအိတ်၊ အာလူး ၈၃၉ ပိဿာ၊ ကြက်သွန်နီပိဿာ ၅၀၀၊ ငါးခြောက် ၁၀၁ ပိဿာ၊ ငရုတ်သီးခြောက် ၁၈ ပိဿာ၊ ဆီပုံးခွံ ၃၅ လုံး၊ အသားတုံ ပိဿာ ၁၀၀၊ အသားဘူး သုံးဖာ၊ အသီးအရွက်ဘူး ခြောက်ဖာ၊ အချိုရည် ၁၂၁ဖာ၊ စည်သွတ်ဘူး ၁၂၆၆ဖာ၊ တီးမစ် ၂၅ဖာ၊ ငါးပိဿာ ၇၀၊ Malta Fresh ၁၃၁ ကတ်၊ Sparkling Lemon ၁၅၃ ဖာနှင့် ဘီစကွတ် ၂၄၆ ဖာတို့ လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွားဆေးရုံ (ရွှေပုစွန်) ရေယာဉ်သည် ရေဘေးသင့်ဒေသများဖြစ်သည့် ဟင်္သာတမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့မှ အမျိုးသား ၂၇၆ ဦး၊ အမျိုးသမီး ၆၇၁ ဦးနှင့် ကလေးသူငယ် ၇၄ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေသောဒေသများသို့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ကူညီထောက်ပံ့ပေးမှုများ

| စဉ် | ရက်စွဲ | နေရာ | တီးမစ် (ဖာ) | စည်သွတ်ဘူး (ဖာ) | ခေါက်ဆွဲခြောက် (ဖာ) | ရေသန့်(ဘူး) | | Malta Fresh (ကတ်) | Sparkling Lemon (ဖာ) | ဘီစကွတ် (ဖာ) | ကျသင့်ငွေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ၁ လီတာ | ၂၀ လီတာ | | | | | |
| ၁ | ၁၉-၇-၂၀၁၅ | ကန့်ဘလူ | | ၇၀ | | | | | | | ၂၅၂၄၅၀၀ | |
| ၂ | ၂-၈-၂၀၁၅ | စစ်တွေ | | | | ၁၀၀၂ | ၁၀ | ၃၄ | ၅၆ | ၉၀ | ၂၀၆၉၉၀၀ | |
| ၃ | ၂-၈-၂၀၁၅ | ပုဂံ | | ၆၀ | | ၃၀၀၀ | | ၂၅ | ၂၅ | | ၄၀၂၈၆၀၀ | |
| ၄ | ၅-၈-၂၀၁၅ | အင်ပူ | ၁၀ | ၃၇၂ | ၃၆ | | ၆ | ၂၄ | ၂၄ | ၅၂ | ၃၈၆၉၈၀၀ | |
| ၅ | ၅-၈-၂၀၁၅ | အဖျောက် | | ၃၇၂ | ၃၆ | | ၆ | ၂၄ | ၂၄ | ၅၂ | ၃၃၂၇၈၀၀ | |
| ၆ | ၅-၈-၂၀၁၅ | ဟင်္သာတ | | ၃၇၂ | ၃၆ | | ၆ | ၂၄ | ၂၄ | ၅၂ | ၃၂၄၄၇၀၀ | |
| | စုစုပေါင်း | | ၁၀ | ၁၂၄၇ | ၁၀၈ | ၄၀၀၂ | ၂၈ | ၁၃၁ | ၁၅၃ | ၂၄၆ | ၁၉၀၆၅၃၀၀ | |

## သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေသောဒေသများသို့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကူညီထောက်ပံ့ပေးမှုများ

| စဉ် | ရက်စွဲ | ဒေသ | ခေါက်ဆွဲခြောက် | | ရေသန့် | | အချိုရည် | | ထောက်ပံ့ငွေ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် (ဖာ) | တန်ဖိုး | အရေအတွက် (ကတ်) | တန်ဖိုး | အရေအတွက် (ကတ်) | တန်ဖိုး | | |
| ၁ | ၂၀-၇-၂၀၁၅ | ကန့်ဘလူ | ၄၀၀ | ၁၈၈၀၀၀၀ | | | | | ၁၈၈၀၀၀၀ | နမခ တိုင်းမှူးမှတစ်ဆင့် |
| ၂ | ၁-၈-၂၀၁၅ | စစ်တွေ | ၅၀ | ၂၁၁၉၀၀ | | | | | ၂၁၁၉၀၀ | နေပြည်တော် |
| ၃ | ၁-၈-၂၀၁၅ | ညောင်ဦး | ၅၀၀ | ၁၈၉၀၀၀၀ | ၉၆၀ | ၁၅၃၆၀၀ | | | ၂၀၄၃၆၀၀ | မန္တလေး |
| ၄ | ၂-၈-၂၀၁၅ | စစ်တွေ | ၅၀၀ | ၂၀၅၆၀၀၀ | | | | | ၂၀၅၆၀၀၀ | နေပြည်တော် |
| ၅ | ၅-၈-၂၀၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁၆၈ | ၆၃၈၄၀၀ | | | | | ၆၃၈၄၀၀ | နေပြည်တော် |
| ၆ | ၅-၈-၂၀၁၅ | ညောင်တုန်း | ၂၅၂ | ၉၄၅၀၀၀ | ၂၀၀ | ၁၆၀၀၀၀ | | | ၁၁၀၅၀၀၀ | ရန်ကုန်ရုံးချုပ် |
| ၇ | ၅-၈-၂၀၁၅ | အဖျောက်/ဥတို/တိုက်ကြီး | ၅၀၀ | ၁၈၀၀၀၀၀ | ၁၇၀ | ၁၂၇၅၀၀ | ၁၂၁ | ၈၆၄၀၀၀ | ၂၇၉၁၅၀၀ | မင်္ဂလာဒုံလေဆိပ် |
| | စုစုပေါင်း | | ၂၃၇၀ | ၉၄၂၁၃၀၀ | ၁၃၃၀ | ၄၄၁၁၀၀ | ၁၂၁ | ၈၆၄၀၀၀ | ၁၀၇၂၆၄၀၀ | |

## တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုစွန်)မှ ဆေးကုသပေးမှုအခြေအနေ

| စဉ် | ရက်စွဲ | ဦးစီးခေါင်းဆောင် | မြို့နယ် | လူဦးရေ(လူကြီး) | | | လူဦးရေ(ကလေး) | | | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | |
| ၁ | ၃-၈-၂၀၁၅ | ဧရခမှ ဒုမှူးကြီးမောင်မောင်မြင့် ဦးစီး(၅+၅၁)ဦး ဆရက(၁/၁၀၀၀)မှ ဗိုလ်ထွန်းမင်းအောင်ဦးစီး (၃+၆)ဦး သမက(၁/၃၀၀)မှ မှူးလင်းနိုင်ဦးစီး (၁၃+၄)ဦး တရသ(၁)မှ ဗက မင်းဇင်ဦး ဦးစီး (၁+၅)ဦး | ဟင်္သာတ | ၁၀၆ | ၂၂၀ | ၃၂၆ | ၂၃ | ၁၇ | ၄၀ | ၃၆၆ | |
| ၂ | ၅-၈-၂၀၁၅ | | ကြံခင်း | ၈၃ | ၁၅၆ | ၂၃၉ | ၁၁ | ၁၀ | ၂၁ | ၂၆၀ | |
| ၃ | ၆-၈-၂၀၁၅ | | ကြံခင်း | ၈၇ | ၂၉၅ | ၃၈၂ | ၄ | ၉ | ၁၃ | ၃၉၅ | |
| | စုစုပေါင်း | | | ၂၇၆ | ၆၇၁ | ၉၄၇ | ၃၈ | ၃၆ | ၇၄ | ၁၀၂၁ | |

## မောင်တောမြို့နယ်တွင် လျှပ်စစ်မီးတိုင်များ ပြိုလဲပျက်စီးမှု ပြုပြင်ပြီးဖြစ်၍ မီးလင်းပြီ

**မောင်တော ဩဂုတ် ၉**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း လေဘေးဒဏ်ကြောင့် လျှပ်စစ်မီးတိုင်များ ပြိုလဲပျက်စီးမှုကို တာဝန်ရှိသူများက ပြန်လည်ပြုပြင်လျက်ရှိရာ မောင်တောမြို့နယ်တွင် ဩဂုတ် ၉ ရက်ညမှ စတင်ပြီး လျှပ်စစ်မီးများ ပြန်လည်ရရှိပြီဖြစ်သည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ်တွင်လည်း လျှပ်စစ်မီးများ ပြန်လည်ရရှိရေးအတွက် အမြန်ဆုံးပြုပြင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## မိုးရွာသွန်းမှုများ

| | | |
|---|---|---|
| ကိုကိုးကျွန်း | ၅ ဒသမ | ၉၉ လက်မ |
| ကျိုက္ခမီ | ၃ ဒသမ | ၀၇ လက်မ |
| ဟဲဟိုး | ၂ ဒသမ | ၉၉ လက်မ |
| ကျောက်ပန်းတောင်း | ၂ ဒသမ | ၇၉ လက်မ |
| ချောက် | ၂ ဒသမ | ၇၆ လက်မ |
| မကွေး | ၂ ဒသမ | ၅၅ လက်မ |
| ညောင်ဦး | ၂ ဒသမ | ၄၄ လက်မ |
| ကန့်ဘလူ | ၂ ဒသမ | ၂၉ လက်မ |
| မင်းဘူး | ၁ ဒသမ | ၇၂ လက်မ |
| တောင်ကြီး | ၁ ဒသမ | ၇၂ လက်မ |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် မုတ်သုံလေအားနည်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ဩဂုတ်လ ၉ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၉ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၂၆၉၀၈ စုမှ လူဦးရေ ၁၀၁၆၁၆၇ ဦးရေဘေးသင့်ခဲ့ပြီး ၉၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၇၅၅၂၀၈၅၀၊ အရေးပေါ် အစားအစာတန်ဖိုးငွေကျပ် ၂၃၉၉၆၃၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၂၃၃၇၅၉၁၈၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၈၄၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၈၈၆၂၆၃၆၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း |
| **ဇွန်လ(၂၄)ရက်နေ့မှ(၂၈)ရက်နေ့ထိ** | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ |
| **ဇူလိုင်လ(၁၆)ရက်နေ့မှ ဩဂုတ်လ(၉)ရက်နေ့ထိ** | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၉၁၆၀ | ၁၄၇၃၅၆ | ၇ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၀၄၇၉၀၀ | ၇၀၀၀၀၀ | ၆၉၀၃၀၆၅၀ |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ |
| ၃။ | ရှမ်းပြည်နယ် | ၉၀ | ၁၀၄၃ | ၆၉၀၁ | ၉ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၄ | ၁၅၂၄၃ | ၁၁ | ၆၇၆၃၉၅၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၁၆၉၁၀၂၈၈ | ၈၀၀၀၀၀ | ၂၉၃၉၀၄၃၈ |
| ၅။ | ချင်းပြည်နယ် | ၁၁၁၉ | ၁၅၃၆ | ၇၆၇၈ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ |
| ၇။ | ကရင်ပြည်နယ် | - | ၇၈၁ | ၃၈၉၀ | - | ၅၂၃၀၂၀၀ | ၁၃၆၈၂၈၅၀ | - | - | - | ၁၈၉၁၃၀၅၀ |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၆၅၀၄၅၀၀ | - | ၃၂၅၂၉၈၀ | - | ၉၇၅၇၄၈၀ |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၁ | ၁၆၄၆၄ | ၆၃၂၈၀ | ၂ | - | - | - | ၁၇၉၉၉၈၂၀ | - | ၁၇၉၉၉၈၂၀ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၁၇ | ၃၀၈၀၄၈ | ၂ | - | - | ၁၀၀၀၀၀၀၀၀ | ၅၆၀၂၃၃၅၀ | - | ၁၅၆၀၂၃၃၅၀ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၁၈ | ၈၂၃၆၄ | ၃၃၁၉၉၆ | - | ၁၄၇၂၆၇၀၀ | - | - | ၃၇၀၇၂၈၀ | - | ၁၈၄၃၃၉၈၀ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၇၅ | ၆၁၄၃ | - | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ |
| | ပေါင်း | ၁၄၇၉၄ | ၂၀၉၅၆၃ | ၁၀၀၁၂၅၆ | ၉၂ | ၇၁၉၇၃၅၀၀ | ၂၀၂၀၃၅၅၀ | ၁၀၆၆၅၀၀၀၀ | ၂၁၈၀၅၃၆၀၆ | ၇၇၀၀၀၀၀ | ၄၂၄၅၈၀၆၅၆ |
| | ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း | ၁၅၁၉၉ | ၂၁၁၇၀၉ | ၁၀၁၆၁၆၇ | ၉၉ | ၇၅၅၂၀၈၅၀ | ၂၃၉၉၆၃၃၀ | ၁၄၆၉၅၀၀၀၀ | ၂၃၃၇၅၉၁၈၆ | ၈၄၀၀၀၀၀ | ၄၈၈၆၂၆၃၆၆ |

**❐ ကျောဖုံးမှ**

ယင်းလေယာဉ် မောင်းနှင်လာသည့် လေယာဉ်မှူး ဗိုလ်မှူးစိုးသူဝင်းနှင့်အဖွဲ့အား မေးမြန်းခဲ့ရာတွင် "ကျွန်တော်က အမှတ်(၁၆) သယ်ယူပို့ဆောင်ရေးတပ်ရင်းကပါ။ စစ်တွေကို ထောက်ပံ့ရေးပစ္စည်းတွေလာပို့ပေးတာ လေးခေါက်ရှိပါပြီ။ ပထမဆုံးတစ်ခေါက်က ဩဂုတ် ၂ ရက်နေ့ကပါ။ အခုလေယာဉ်ပေါ်မှာ ထောက်ပံ့ရေးပစ္စည်းစုံ ခြောက်တန်ပါလာပါတယ်။ ကျွန်တော်တို့တပ်မတော်အနေနဲ့ ဒီလိုတတ်စွမ်းသလောက် ပြည်သူတွေအတွက် ကူညီခွင့်ရတာဂုဏ်လည်းယူပါတယ်။ တကယ်ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် ကူညီခွင့်ရတဲ့အတွက်လည်း အများကြီးဝမ်းသာပါတယ်။ ပြည်သူတွေအတွက် အခါအခွင့်ရတိုင်း အမြဲကူညီသွားမှာပါ"ဟု ပြောကြားသည်။

## ရေဘေးသင့်ပြည်သူများအား အသိပညာပေးလုပ်ငန်းများအား ဆောင်ရွက်

**ချောက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ရေဘေးရှောင်ပြည်သူများနေထိုင်ရာ ယာယီစခန်းများသို့ ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပညာပေးလုပ်ငန်းများမှာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်း၊ ရုပ်မြင်သံကြားပြသပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲများကို ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချောက်(ပြန်/ဆက်)**

## မုံရွာမြို့နယ် တောင်ပုံတာရိုးကျိုးပေါက်မှု ယာယီပိတ်ဆို့ပြီးစီး

**မုံရွာ ဩဂုတ် ၉**



မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေသည် နှစ် ၅၀ အတွင်း စံချိန်တင်မြင့်တက်ကာ ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ၁၁၄၃ စင်တီမီတာသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စိုးရိမ်ရေမှတ်ရောက်သည်မှ ရေပြန်ကျသည်အထိ တာတမံများ မကျိုးပေါက်စေရေး နေ့ရောညပါ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်စဉ် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ချင်းတွင်းတာတောင်ပိုင်း၊ တောင်ပုံ(၅)ပေါက်တွဲ ရေတံခါးအနီး တာပေါင်နေရာမှ စတင်ထူးပေါက်ကာ အရှည်ပေ ၁၅၀ ခန့် ကျိုးပေါက်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ထနောင်းတောတာမှ ကာကွယ်ထားသည့် မုံရွာမြို့နယ် ကျေးရွာငါးရွာ၏ အနိမ့်ပိုင်းများသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဩဂုတ် ၄ ရက်က အဆိုပါတာ၏ ပေတိုင် ၅၇၀၀ တွင် အလျား ၁၄၈ ပေ၊ ပေတိုင် ၉၁၀၀ တွင် အလျား ပေ ၁၅၀ ထပ်မံကျိုးပေါက်ခဲ့သည်။ အလားတူ ကူတောပလ္လင်-ကြာပိုင် ကျေးရွာချင်း ဆက်လမ်းအထက်ဘက်ကွင်းရေများ အဆမတန် ဝင်ရောက်မှုကြောင့် လမ်းပေါ်ရေကျော်ကာ ပေ ၁၅၀ ခန့် ကျိုးပေါက်ခဲ့သည်။ ထို့ပြင် ချောင်းဦးမြို့နယ် အနိမ့်ပိုင်းကျေးရွာငါးရွာနှင့် လယ်ဧက ၁၅၀၀၀ တွင် သုံးရက်ခန့် ရေဝင်ရောက်ခဲ့သည်။

အဆိုပါ ကျိုးပေါက်သည့်တာလေးနေရာအနက် အဓိကကျသည့် တောင်ပုံ (၅)ပေါက်တွဲ ရေတံခါးအနီး တာပေါင် ကျိုးပေါက်မှုကို ဩဂုတ် ၈ ရက်က ယာယီတားဆီးပိတ်ဆို့ခဲ့ပြီးဖြစ်သည်။ အလားတူ ကူတောပလ္လင်-ကြာပိုင်ကျေးရွာချင်းဆက်လမ်းကို ဩဂုတ် ၆ ရက်တွင် ယာယီပြုပြင်ပြီးစီးခဲ့သဖြင့် သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဖိုးချမ်း-မုံရွာ)**

## ညောင်တုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထောက်ပံ့ရေးပစ္စည်းများ ကူညီထောက်ပံ့

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကော်မရှင်ရုံးဝန်ထမ်းများသည် ဩဂုတ် ၉ ရက်က ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်း မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ကူညီထောက်ပံ့ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စုရှိ အမှတ်(၂)ရေဘေးကယ်ဆယ်ရေးစခန်း၊ ထိပ်ဝကြီးကျေးရွာအုပ်စုရှိ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ပန်းတနော်မြို့နယ် မြဘုံသာကျောင်းတိုက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ကျပ်သိန်း ၂၀ ကျော်တန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ မီးခြစ်၊ ဖယောင်းတိုင်၊ ငါးသေတ္တာဘူး၊ ဆိုလာမီးအိမ်နှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။ ဓာတ်ဆားထုပ်၊ မိုးကာစ၊ ဖျာ၊ ခြုံစောင်၊

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ တွင် ဖော်ပြထားသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်သတင်းတွင် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ" အစား "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(လူ/ကယ်/ပြန်)**

# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် သိရှိလိုသည့်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အလှူငွေနှင့် ပစ္စည်းများကို မိမိတို့ကိုယ်တိုင် တိုက်ရိုက်လှူဒါန်းခြင်း(သို့မဟုတ်) သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြရာ လှူဒါန်းလိုသည့် နယ်မြေဒေသများအလိုက် သိရှိလိုသည့် အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာများနှင့် တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်-

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | တိုင်းအစိုးရအဖွဲ့ရုံး | ဗိုလ်မှူးကြီး<br>ကြည်နိုင် | လုံခြုံရေးနှင့်<br>နယ်စပ်ရေးရာဝန်ကြီး | ၀၇၁-၂၄၃၀၇<br>၀၉၄၇၀၇၃၈၉ |
| ၂။ | တိုင်းအစိုးရအဖွဲ့ရုံး | ဒေါက်တာမြင့်သိန်း | လူမှုရေးဝန်ကြီး | ၀၇၁-၂၄၃၁၃<br>၀၉၄၇၀၅၄၃၆၄ |
| ၃။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးစိုးစိုးဇော် | အစိုးရအဖွဲ့<br>အတွင်းရေးမှူး | ၀၇၁၂၂၅၃၀<br>၀၉၂၁၃၀၂၂၂ |
| ၄။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးမင်းလွင် | ညွှန်ကြားရေးမှူး | ၀၇၁၂၄၁၇၀<br>၀၉၂၀၄၄၆၉၅ |
| ၅။ | တိုင်းဒေသကြီး<br>လူကယ်/ပြန် | ဦးစဝီလီဖရန့်(စ်) | တိုင်းဦးစီးမှူး | ၀၇၁၂၃၂၂၁<br>၀၉၄၇၀၉၃၄၈၀ |
| ၆။ | တိုင်းဒေသကြီး<br>ကုန်သွယ်မြှင့်တင် | ဦးအောင်မောင်း | ညွှန်ကြားရေးမှူး | ၀၇၁၂၃၆၃၀<br>၀၉၄၉၂၈၆၇၉၂ |
| ၇။ | ကလေးခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးမောင်ထူး | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၇၃၂၁၅၀၇<br>၀၉၄၉၂၈၆၇၉၂ |
| ၈။ | ကလေးဝမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးတင့်နိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၃၄၄၀၁၆<br>၀၉၂၂၁၆၃၇၅ |
| ၉။ | မင်းကင်းမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးနေလင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၁၀၅၉၅၀၅၅၆<br>၀၉၂၆၀၄၄၄၉၂၂ |
| ၁၀။ | ကသာခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးကျော်ကျော်အုန်း | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၇၅၂၅၀၀၇<br>၀၉၃၆၁၀၀၀၆၇ |
| ၁၁။ | ကောလင်းမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးအေးလွင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၅၄၂၀၂၆<br>၀၉၂၅၉၀၇၂၇၂ |
| ၁၂။ | ရွှေဘိုခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးထွန်းလွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၇၅၂၁၃၅၀<br>၀၇၅၂၁၀၁၁<br>၀၉၆၁၆၀၅၂၆ |
| ၁၃။ | ကန့်ဘလူမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးမျိုးလွင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၅၂၇၀၂၂<br>၀၉၆၄၆၆၁၄၄ |
| ၁၄။ | ကျွန်းလှမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးသောင်းစိန် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၅၅၉၀၂၇<br>၀၉၄၀၁၅၈၉၀၀၀ |
| ၁၅။ | ချောင်းဦးမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးလှသိန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၁၄၅၂၄၄<br>၀၉၄၉၇၈၄၁၂၃ |
| ၁၆။ | ကနီမြို့နယ်<br>မြို့နယ်ထွေ/အုပ် | ဦးခင်အောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၉၄၇၆၀၆၅၈၀<br>၀၉၄၀၀၅၃၃၄၃၃ |
| ၁၇။ | ဆားလင်းကြီး<br>မြို့နယ်ထွေ/အုပ် | ဦးကျော်သောင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၇၁၇၀၀၉၉<br>၀၉၄၈၀၂၆၁၇၀ |

**ပဲခူးတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | တိုင်းအစိုးရအဖွဲ့ရုံး | ဗိုလ်မှူးကြီး<br>သက်ထွန်း | လုံခြုံရေးနှင့်<br>နယ်စပ်ရေးရာဝန်ကြီး | ၀၉၃၉၁၀၀၉၇၈ |
| ၂။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးလှမင်းထွန်း | အစိုးရအဖွဲ့<br>ခေတ္တအတွင်းရေးမှူး | ၀၉၅၀၃၆၁၀၁ |
| ၃။ | ပဲခူးခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးရဲထွန်း | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၅၀၈၆၉၀ |
| ၄။ | တောင်ငူခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးကျော်သက် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၂၀၄၅၂၅၁ |
| ၅။ | ပြည်ခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးတင်မောင်ဝင်း | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၅၃၅၀၇၂၄ |
| ၆။ | သာယာဝတီ<br>ခရိုင်ထွေ/အုပ် | ဦးစန်းလှိုင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၅၃၆၀၇၆၉ |

**မကွေးတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပွင့်ဖြူမြို့နယ်<br>ထွေ/အုပ်ရုံး | ဗိုလ်မှူးကြီး<br>ဇော်လင်းအောင် | လုံခြုံရေးနှင့်<br>နယ်စပ်ရေးရာ<br>ဝန်ကြီး | ၀၉၃၉၁၀၁၆၄၉<br>၀၉၈၅၇၀၁၇၁ |
| ၂။ | တိုင်းအစိုးရအဖွဲ့ရုံး | ဦးနေဝင်း | အစိုးရအဖွဲ့<br>အတွင်းရေးမှူး | ၀၉၅၃၄၁၇၀၃<br>၀၉၄၇၁၇၂၁၄၆ |
| ၃။ | သရက်ခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးတေဇာအောင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၅၃၃၀၆၇၇ |
| ၄။ | မင်းဘူးခရိုင်<br>စေတုတ္တရာမြို့နယ်<br>ထွေ/အုပ် | ဦးခင်မောင်မြင့် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၆၅၆၀၄၀၂ |

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၅။ | ပခုက္ကူခရိုင်<br>ခရိုင်ထွေ/အုပ် | ဦးကိုကိုလွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၆၅၇၁၂၄၂ |

**ရောဝတီတိုင်းဒေသကြီး**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ကန်ကြီးထောင့်<br>မြို့နယ် | ဦးကိုကိုလတ် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး - ၀၄၂-၄၅၁၈၉<br>အိမ်- ၀၄၂-၄၅၁၈၉<br>၀၉-၄၉၅၇၁၈၈၀<br>၀၉-၂၅၁၃၁၃၃၃၉ |
| ၂။ | သာပေါင်းမြို့နယ် | ဦးစိုးမင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၂- ၄၃၀၂၅<br>အိမ်- ၀၄၂-၄၃၀၂၄<br>၀၉ -၄၉၃၈၆၅၉၇<br>၀၉-၄၉၂၈၆၅၆၉ |
| ၃။ | ရေကြည်မြို့နယ် | ဦးရဲထွန်းနိုင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၆- ၅၂၃၇၅<br>အိမ်- ၀၄၆-၅၂၃၇၆<br>၀၉၄၉၅၈၂၉၇၂ |
| ၄။ | ဟင်္သာတမြို့နယ် | ဦးတင်အောင်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၄ -၂၁၁၃၉<br>အိမ်- ၀၄၄ -၂၁၀၀၆<br>၀၉၄၉၈၁၈၃၃၃ |
| ၅။ | ဇလွန်မြို့နယ် | ဦးထွန်းဆန်းဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး - ၀၄၄ - ၃၅၀၀၁<br>အိမ်-၀၄၄ - ၃၅၀၀၁<br>၀၉- ၈၅၈၁၈၆၀ |
| ၆။ | မြန်အောင်မြို့နယ် | ဦးမင်းမင်းထွန်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး - ၀၄၄- ၅၀၀၇၁<br>အိမ်- ၀၄၄ - ၅၀၃၃၀<br>၀၉၄၂၂၅၁၈၈၈ |
| ၇။ | ကြံခင်းမြို့နယ် | ဦးဖြိုးမင်းထိုက် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး - ၀၄၄ - ၄၀၅၆၉<br>အိမ် - ၀၄၄ -၄၀၂၆၇<br>၀၉၄၄၉၂၅၃၅၉၅ |
| ၈။ | အင်္ဂပူမြို့နယ် | ဦးလွှမ်းမိုးဟန် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး-၀၄၄ - ၃၀၀၇၅<br>အိမ်-၀၄၄-၃၀၀၇၆<br>၀၉-၄၂၂၄၉၉၉၉ |
| ၉။ | ပန်းတနော်မြို့နယ် | ဦးအေးကိုတင့် | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး - ၀၄၆- ၃၀၂၃၁<br>အိမ် - ၀၄၆- ၃၀၃၈၁<br>၀၉-၄၃၀၃၄၄၁၂ |
| ၁၀။ | ညောင်တုန်းမြို့နယ် | ဦးသန့်ဇော်ဦး | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၆- ၂၀၃၉၆<br>အိမ်- ၀၄၆- ၂၀၃၉၅<br>၀၉-၈၃၀၂၃၃၉ |
| ၁၁။ | ဓနုဖြူမြို့နယ် | ဦးစောမင်းသူ | မြို့နယ်အုပ်ချုပ်ရေးမှူး | ရုံး- ၀၄၆-၂၅၀၂၀<br>အိမ်- ၀၄၆-၂၅၀၂၀<br>၀၉-၄၅၀၀၅၄၃၆၀<br>၀၉-၄၉၂၉၆၅၈၆ |

**✻ မြန်မာယူ-၁၆ မှ**

ကြိုးပမ်းသော်လည်း ကစားကွက်တည်မရဖြစ်နေ၍ ထိုင်းအသင်းအလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ထိုင်းအသင်းမှာ မြန်မာအသင်း၏ အမှားကို စောင့်ကစားခဲ့ပြီး အနိုင်ဂိုးများကို မိနစ် ၈၀ တွင် ဒုတ်တီပေါင်နှင့် ၈၂မိနစ်တွင် ဂျင်နာ၀ပ်တို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်ရောက်ခဲ့ပြီး ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**

## သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် ကူးစက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် ကူးစက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောစီးစွာသိရှိပြီး လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရေး(Early Warning Alert and Response System) စနစ်ဖြင့် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ထိမာကျေးရွာ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူများရှိကြောင်း သတင်းရရှိသဖြင့် ဒုတိယညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာထွန်းတင် ဦးဆောင်သော ဗဟိုအဆင့် ကွင်းဆင်းအဖွဲ့သည် ဩဂုတ် ၇ ရက်က အဆိုပါ ကျေးရွာသို့ သွားရောက်၍ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာ ၄၀ ရှိသဖြင့် ယင်းအထူးကုဆေးအဖွဲ့က လူနာများကို ဆေးကုသမှုပေးခြင်း၊ ရောဂါ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လူနာများတွင် အရည်ခန်းခြောက်မှု လက္ခဏာ၊ ပြင်းထန်လူနာနှင့် ဆေးရုံတက်လူနာများ မတွေ့ရှိရကြောင်း သိရသည်။

ထို့အပြင် ဩဂုတ် ၈ ရက်က ယင်းဒေသတွင် သာမန်ဝမ်းလျှောရောဂါ ဖြစ်ပွားသူတစ်ဦးသာ တွေ့ရှိရကြောင်းနှင့် ကျန်ဒေသများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ကွမ်းသီးတပင်တာကို ပြုပြင်တာဖို့နေသော လုပ်သားများ ညနေစာအဖြစ် ဝေငှသော ထမင်းထုပ်များကို စားသုံးမိရာမှ လုပ်သားများနှင့် မိသားစုဝင် ၁၃ ဦးမှာ ဩဂုတ် ၉ ရက် နံနက် ၅ နာရီတွင် အန်ခြင်း၊ ဗိုက်နာခြင်းစသော အစာအဆိပ်သင့်ရောဂါများ ဖြစ်ပွားခဲ့သောကြောင့် မိုးညိုမြို့နယ် ထိန်တောတိုက်နယ်ဆေးရုံသို့ တက်ရောက်ကုသခဲ့ရကြောင်း၊ ညနေပိုင်းတွင် လူနာအားလုံး သက်သာကောင်းမွန်လာသဖြင့် ဆေးရုံမှ ဆင်းခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ငါးပဲချောင်းကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားကြောင်း သိရသဖြင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ အဆိုပါကျေးရွာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာလေးဦးကို သာတွေ့ရ၍ ဆေးကုသမှုပေးခဲ့ကြောင်း၊ မင်းပြားမြို့နယ်တွင် ကူးစက်ရောဂါကပ်ရောဂါအသွင် ဖြစ်ပွားမှုမရှိကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တင်မောင်လွင်**
**(မြန်မာ့အလင်း)**

# လာမည့်ပညာသင်နှစ်မှစ၍ သူငယ်တန်းသင်ရိုး ညွှန်းတမ်းအသစ်ဖြင့် စတင်သင်ကြားသွားမည်



**ရန်ကုန်  ဩဂုတ်  ၉**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် ယမန်နေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ်အတွင်းရှိ အထကခွဲ(ဖောင်ကြီးအနောက်)၊အထကခွဲ (ကြို့ကုန်းမြောက်) နှင့် အမကမူလွန်(ကြာကန်)ကျောင်းများသို့ သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်ရာတွင် ကျောင်းနေအရွယ်ကလေးများကျောင်းနေမြဲရေး၊ သင်ကြားမှုစွမ်းရည်မြှင့်တင်ရေးနှင့် ပညာရည်မြင့်မားရေးဆောင်ရွက်မှုများ ပိုမိုသိမြင်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းတစ်ကျောင်းချင်းစီ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာရေးတွင် လာမည့်ပညာသင်နှစ်မှစ၍ သူငယ်တန်းအပေါင်း ၁၂ အတန်းစဉ်ဖြင့် သင်ကြားရေးအတွက် သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ဖြင့် စတင်သင်ကြားသွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားအောင် ကြိုးစားလုပ်ဆောင်ရင်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် အားကစား၊ ဂီတ၊ အနုပညာ၊ ရသ၊ သက်မွေးပညာရပ်များတွင်လည်း ထူးချွန်သူများဖြစ်အောင် မွေးထုတ်ပေးနိုင်ရေးလေ့ကျင့်သင်ကြားရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးပညာရေးကောလိပ်သို့ရောက်ရှိပြီး ဆရာအတတ်ပညာအရည်အသွေးမြင့်မားရေးဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆရာလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ရန် ဆရာအတတ်သင် သင်တန်းများတိုးချဲ့ဖွင့်လှစ်သွားမည့် အစီအမံများကိုရှင်းလင်းပြောကြားခဲ့ကာ ရေဘေးဒဏ်ခံစားရသည့် ဒေသများမှ တက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများအား အားပေးစကားပြောကြားခဲ့သည်။**(ပညာရေး)**

# ရေဘေးသင့် အခြေခံပညာကျောင်းများသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသောသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ စာသင်ကျောင်းပေါင်း ၃၀၆၂ ကျောင်းကို ယာယီကျောင်းပိတ်ခဲ့ရပါသည်။ ဩဂုတ် ၈ ရက်အထိ စာသင်ကျောင်း ၅၆၉ ကျောင်းကိုသာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၄၉၃ ကျောင်းကို ဆက်လက်ပိတ်ထားရဆဲဖြစ်ပါသည်။ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ခဲ့ရ၍ ပိတ်ထားခဲ့ရသည့်ကျောင်း ၆၆ ကျောင်းရှိပါသည်။ ကျောင်းများ၊ ကျောင်းနံရံ အုတ်တံတိုင်းများပြိုကျပျက်စီးခြင်း၊ ကျောင်းသုံးပရိဘောဂများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကျောင်းအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း
(၂) ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း
(၃) ရေနှင့်မိလ္လာစနစ်ပြုပြင်ထိန်းသိမ်းခြင်း
(၄) ရေကောင်းရေသန့်ရရှိရေး၊ ရေတွင်းတူးခြင်းနှင့် ရေသန့်စနစ်တည်ဆောက်ခြင်း
(၅) ကျောင်းသုံးပရိဘောဂများဖြည့်တင်းခြင်း
(၆) ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း
(၇) ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်တင်းကျွေးမွေးခြင်း

သို့ဖြစ်ပါ၍ အထက်ပါလုပ်ငန်းများအတွက် ပစ္စည်းများ၊ အလှူငွေများကို စေတနာရှင်၊ အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက -

(၁) ညွှန်ကြားရေးမှူး(စီမံ) အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ၀၉-၅၄၀၆၀၃၃/ရုံးဖုန်း-၀၆၇-၄၀၇၃၇၉
(၂) ညွှန်ကြားရေးမှူး(ပညာ) အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ၀၉-၅၆၆၁၃၄၈/ရုံးဖုန်း-၀၆၇-၄၀၇၆၉၀
(၃) ကချင်ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၂၅၀၀၅၃၈၆/ရုံးဖုန်း-၀၇၄-၂၂၄၅၆
(၄) ကယားပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၅၆၁၄၀၆၁၉/ရုံးဖုန်း-၀၈၃-၂၁၀၂၉
(၅) ကရင်ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၉၅၈၃၉၂၁/ရုံးဖုန်း-၀၅၈-၂၁၁၃၃
(၆) ချင်းပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၀၂၃၅၉၁/ရုံးဖုန်း-၀၇၀-၂၁၀၄၁
(၇) စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၀၂၆၈၂၁၁၃/ရုံးဖုန်း-၀၇၁-၂၂၉၇၉
(၈) တနင်္သာရီတိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၈၇၆၁၈၂၄/ရုံးဖုန်း-၀၅၉-၂၃၅၅၁
(၉) ပဲခူး(အရှေ့)တိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၅၈၀၂၅၂၄၇/ရုံးဖုန်း-၀၅၂-၂၁၁၉၁
(၁၀) ပဲခူး(အနောက်)တိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၂၃၆၆၅၀၃၀/ရုံးဖုန်း-၀၅၃-၂၅၇၈၁
(၁၁) မကွေးတိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၅၆၂၆၆၇၁၄/ရုံးဖုန်း-၀၆၃-၂၅၀၅၆
(၁၂) မန္တလေးတိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၂၀၀၃၂၃၆/ရုံးဖုန်း-၀၂-၃၉၁၇၀



တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ကျောင်းသားကျောင်းသူများအား ထောက်ပံ့မည့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ ဖြန့်ဝေရန် စီစဉ်နေစဉ်။ (ပညာရေး)

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ရေဘေးသင့်အခြေခံပညာကျောင်းများ သုံးရေနှင့် သောက်ရေရရှိရေး ဆောင်ရွက်ပေးနေစဉ်။ (ပညာရေး)





စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်အခြေခံပညာကျောင်းများ သန့်ရှင်းရေးများ ပြန်လည်ပြုလုပ်နေစဉ်။ (ပညာရေး)

(၁၃) မွန်ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၅၃၂၂၈၆၀/ရုံးဖုန်း-၀၅၇-၂၂၉၁၀
(၁၄) ရခိုင်ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၈၅၂၄၂၂၀/ရုံးဖုန်း-၀၄၃-၂၁၀၅၆
(၁၅) ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၅၅၀၀၆၃၈/ရုံးဖုန်း-၀၁-၂၁၂၉၆၉
(၁၆) ရှမ်း(တောင်)ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၅၂၁၃၅၅၅/ရုံးဖုန်း-၀၈၁-၂၁၂၁၀၂၁
(၁၇) ရှမ်း(မြောက်)ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၃၀၁၅၀၉၆/ရုံးဖုန်း-၀၈၂-၂၃၆၈၀
(၁၈) ရှမ်း(ရှေ့)ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၀၂၅၇၁၅၉၆ /ရုံးဖုန်း-၀၈၄-၂၁၄၁၁
(၁၉) ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၈၅၃၂၂၉၆/ရုံးဖုန်း-၀၄၂-၂၅၃၁၉
(၂၀) နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူး အခြေခံပညာဦးစီးဌာန ၀၉-၄၀၂၅၁၃၅၄၉/ရုံးဖုန်း-၀၆၇-၂၅၅၆၃

တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။
(လုပ်ငန်းတစ်ခုချင်းအလိုက် ကုန်ကျငွေစာရင်းများကို ဆက်လက်ထည့်သွင်းဖော်ပြသွားပါမည်။)


(ပညာရေးဝန်ကြီးဌာန)

# ဆော်ဒီလာ တိုင်ဖုန်းမုန်တိုင်း တရုတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်



**ဝန်ကျိုး ဩဂုတ် ၉**

တိုင်ဖုန်းမုန်တိုင်း ဆော်ဒီလာ တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်း ကျယ်ကျန်းခရိုင် ဝန်ကျိုးမြို့တွင် လူ ၁၂ ဦးသေဆုံးခဲ့ပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသန္တရအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။




မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် ဝန်ကျိုးမြို့၏ကျေးလက်ဒေသများတွင် မြေပြိုမှုများနှင့် အဆောက်အအုံများ ရုတ်တရက်ပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ ဩဂုတ် ၈ ရက်ညပိုင်းတွင် လူနေအိမ်အများအပြားပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

လူသေဆုံးမှုများနှင့် ပျောက်ဆုံးမှုများသည် အဆောက်အအုံပြိုကျပျက်စီးမှုကြောင့် အပျက်အစီးများအောက်တွင် ပိပြီးသေဆုံးခြင်းနှင့် ရေကြီးမှုများကြောင့်ရေနှင့်မျောပါသွားခြင်း စသည့်အန္တရာယ်ဆိုးများကြောင့်ဖြစ်သည်ဟု ဝန်ကျိုးမြို့ ရေဘေးအန္တရာယ် ကာကွယ်တားဆီးရေးအာဏာပိုင်များက ဆိုသည်။

တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်း ၁ ဒသမ ၃၆ သန်းခန့် ဘေးအန္တရာယ်နှင့်ရင်ဆိုင်နေရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၁၇ သန်းခန့်ရှိကြောင်း သိရသည်။

ဆော်ဒီလာတိုင်ဖုန်းမုန်တိုင်းသည် တရုတ်တိုင်ပေကို ဝင်ရောက်တိုက်ခတ်ရာ လူ ခြောက်ဦးသေဆုံးခဲ့ပြီးနောက် ဩဂုတ် ၈ ရက် ညတွင် တရုတ်ပြည်မကြီးကို ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ထိုမှတစ်ဆင့် ကျယ်ကျန်း၊ ကျန်းရှီးနှင့် အန်းဟွေး ခရိုင်များသို့ ရွေ့လျားတိုက်ခတ်ခဲ့သည်။

အန်းဟွေး၊ ကျန်းစုနှင့် ကျန်းရှီး ခရိုင်များတွင် တိုင်ဖုန်းမုန်တိုင်းသတိပေးချက် တတိယအဆင့် ထုတ်ပြန်ထားသည်။

အန်းဟွေးခရိုင်ရှိ ဒေသခံပြည်သူ ၁၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးထားသည်။

ဆော်ဒီလာမုန်တိုင်းသည် ဩဂုတ် ၈ ရက်ည ၁၀ နာရီ ၁၀ မိနစ်တွင် ဖူကျန့်ပြည်နယ်ကို ဝင်ရောက်တိုက်ခတ်ပြီး လူပေါင်း ၁ ဒသမ ၀၄ သန်းကို ဘေးဒုက္ခရောက်စေခဲ့သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပြတ်တောက်ခဲ့သည်။ ဖူကျန့်ခရိုင်ရှိ လေဆိပ်သုံးခုနှင့် အဝေးပြေးလမ်းမ ခြောက်ခုကိုလည်း ယာယီပိတ်ထားခဲ့သည့်အပြင် အမြန်ရထား ၁၉၁ လိုင်း၏ ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

ယခုအချိန်တွင် ဆော်ဒီလာမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်းသို့ ရွေ့လျားသွားပြီ ဖြစ်သည့်အတွက် ဖူကျန့်ပြည်နယ် ရေဘေးနှင့် မိုးခေါင်အန္တရာယ်တားဆီးကာကွယ်ရေးရုံးက သတိပေးချက်အဆင့် (၃)မှ အဆင့် (၂) သို့ လျှော့ချသတ်မှတ်ပေးခဲ့သည်။

ဆော်ဒီလာတိုင်ဖုန်းသည် ဩဂုတ် ၈ ရက်အစောပိုင်းက တရုတ်တိုင်ပေတွင် စတင်တိုက်ခတ်ခဲ့ပြီး လူခြောက်ဦးသေဆုံးကာ လေးဦးပျောက်ဆုံးပြီး ၁၀၂ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

**ဆင်ဟွာ။**

# နိုင်ငံခြားသားများ တရားမဝင်အိမ်ရာဝယ်ယူမှု ဩစတြေးလျ စစ်ဆေး

**ဆစ်ဒနီ ဩဂုတ် ၉**

ဩစတြေးလျအစိုးရသည် လူနေအဆောက်အအုံများအား တရားမဝင်ပိုင်ဆိုင်ထားကြသည့် နိုင်ငံခြားသားများကို နှိမ်နင်းလျက်ရှိရာ အပြစ်ဒဏ်ပြင်းထန်စွာပေးခြင်း မပြုမီ ရာပေါင်းများစွာသော အမှုများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဂျိုးဟော့ကီက ယမန်နေ့တွင် ပြောကြားသည်ဟု သတင်းများတွင် ဖော်ပြသည်။

နိုင်ငံခြားသားများအား တိုက်ခန်းအသစ်များကိုသာ ဝယ်ယူရန်ခွင့်ပြုထားပြီး တည်ရှိပြီးသော လူနေအဆောက်အအုံများကို ဝယ်ယူခွင့်မပြုသည့် ဥပဒေအားချိုးဖောက်၍ တရားမဝင် ဝယ်ယူထားခြင်းအတွက် ပြစ်ဒဏ်များတိုးမြှင့်မည်ဖြစ်ကြောင်း အစိုးရက မေလတွင် ကြေညာထားခဲ့သည်။

နိုင်ငံခြားသားများ တရားမဝင်ဝယ်ယူ၍ ပိုင်ဆိုင်ထားသည့် အဆောက်အအုံခြောက်လုံးကို ပြန်ရောင်းရန် အမိန့်ထုတ်ထားသည်ဟု ဟော့ကီက ပြောသည်။ တာဝန်ရှိသူများသည် ရာပေါင်းများစွာသော အမှုများကို စစ်ဆေးလျက်ရှိသည်။

၎င်းတို့ကိုယ်တိုင် ထောက်လှမ်းစုံစမ်းခြင်းနှင့်အတူ ပြည်သူတို့၏ သတင်းပေးချက်အရ လူနေအိမ်ရာများကို ဝယ်ယူရာတွင် နိုင်ငံခြားသားများ ဥပဒေချိုးဖောက်သည့် အမှုပေါင်း ၄၆၂ မှုကို ၎င်းတို့ စစ်ဆေးလျက်ရှိကြောင်း ဟော့ကီက ပြောသည်။

အလွန်မဝေးလှသောအချိန်တွင် အိမ်ရာအရောင်းအဝယ်များ ရုပ်သိမ်းသည့်အမိန့်တို့ကို ကြေညာလိမ့်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ကြောင်း ဆစ်ဒနီမြို့၌ ကျင်းပသောသတင်းစာရှင်းလင်းပွဲတွင် ဟော့ကီက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံအတွင်းမှ အိမ်ခြံမြေဈေးနှုန်း အထူးသဖြင့် မဲလ်ဘုန်းနှင့် ဆစ်ဒနီမြို့များရှိ အိမ်ခြံမြေဈေးနှုန်းသည် မကြာသေးသောနှစ်များအတွင်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်။

နိုင်ငံခြားသားများထံမှ အထူးသဖြင့် တရုတ်နိုင်ငံမှ စီးဝင်လာသော ငွေများသည် ဈေးကွက်အတွင်း၌ အိုးအိမ်ခြံမြေဈေးနှုန်းများ ဖောင်းပွမှုကို ဖြစ်စေသဖြင့် စိုးရိမ်မှုများ ကြီးထွားလာလျက်ရှိသည်။

လူနေအဆောက်အအုံအိမ်ရာများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ သိသာထင်ရှားလာကြောင်း၊ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မြင့်တက်လာခဲ့ကြောင်း၊ ဩစတြေးလျနိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အလိုရှိကြောင်း၊ သို့သော် ဥပဒေနှင့်ညီညွတ်သော ရင်းနှီးမြှုပ်နှံမှုများကိုသာ အလိုရှိကြောင်း ဝန်ကြီးက ပြောကြားသည်။

**ရိုက်တာ။**



# လွတ်လပ်သောစင်ကာပူနိုင်ငံတော်ထူထောင်မှု နှစ် (၅၀) ပြည့် အထိမ်းအမှတ် အောင်ပွဲသဘင်ဆင်နွှဲ

**စင်ကာပူ ဩဂုတ် ၉**

လွတ်လပ်သော စင်ကာပူနိုင်ငံတော်ထူထောင်မှု နှစ် (၅၀) ပြည့် အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ် အောင်ပွဲသဘင်ကို ဩဂုတ် ၉ ရက်က တခမ်းတနား ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

လွတ်လပ်သောနိုင်ငံတော်အဖြစ် ထူထောင်မှု နှစ်ပတ်လည် အခါသမယတွင် အောင်ပွဲသဘင်အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။ တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားကြရသည့် အထိမ်းအမှတ် အခမ်းအနားများကို ဆင်နွှဲခဲ့ကြသည်။

လဟာပြင် စစ်ရေးပြ အခမ်းအနား ကျင်းပရာတွင် ပြည်သူများ စောင့်ကြည့်ခဲ့ကြပြီး လေတပ်စစ်လေယာဉ်များနှင့် စင်ကာပူလေကြောင်းမှ အေ ၃၈၀ အမျိုးအစား လေယာဉ်တစ်စင်းတို့က သရုပ်ပြ ပျံသန်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

လွန်ခဲ့သည့် မတ်လက စင်ကာပူနိုင်ငံ၏ ပထမဆုံးသောဝန်ကြီးချုပ် လီကွမ်ယူ ကွယ်လွန်ခဲ့ပြီးနောက် လွတ်လပ်သော နိုင်ငံတော်ထူထောင်မှု ရွှေရတုသဘင် အထိမ်းအမှတ်ပွဲသဘင်ကို ဆင်နွှဲခြင်းဖြစ်သည်။

လူဦးရေ ၅ ဒသမ ၅ သန်းရှိ ကျွန်းနိုင်ငံလေးဖြစ်သော စင်ကာပူနိုင်ငံသည် ၁၉၆၅ ခုနှစ်တွင် လူမျိုးရေး မငြိမ်မသက်မှုများ ဖြစ်ပေါ်နေချိန်အတွင်း မလေးယား ဖက်ဒရေးရှင်းမှ ခွဲထွက်ကာ လွတ်လပ်သော နိုင်ငံတော်အဖြစ် ထူထောင်ခဲ့သည်။ မလေးယား ဖက်ဒရေးရှင်း၌ မလေးကျွန်းဆွယ်တောင်ပိုင်းရှိ ပြည်ထောင်စု ၁၁ ခုပါဝင်ခဲ့သည်။

ဗြိတိသျှ ကိုလိုနီနယ်မြေ ဖြစ်ခဲ့ဖူးသော စင်ကာပူနိုင်ငံသည် နှစ်ပေါင်း ၅၀ အတွင်း အံ့မခန်းတိုးတက်လာကာ ကမ္ဘာပေါ်တွင် အကြွယ်ဝ အချမ်းသာဆုံး နိုင်ငံများစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

**ရိုက်တာ။**

❒



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် သြဂုတ် ၉

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၃၈)ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု(ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂ ဒသမ ၆၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀ ဒသမ ၅၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄ ဒသမ ၇၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀ ဒသမ ၂၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၂ ဒသမ ၁၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁ ဒသမ ၈၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀ ဒသမ ၉၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁ ဒသမ ၇၀' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀ ဒသမ ၆၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂ ဒသမ ၁၀' |
| ၁၁။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂ ဒသမ ၆၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀ ဒသမ ၃၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀ ဒသမ ၆၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀ ဒသမ ၇၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀ ဒသမ ၄၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀ ဒသမ ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀ ဒသမ ၃၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁ ဒသမ ၀၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁ ဒသမ ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀ ဒသမ ၈၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀ ဒသမ ၃၃' |
| ၂၂။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀ ဒသမ ၁၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀ ဒသမ ၇၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀ ဒသမ ၅၀' |
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀ ဒသမ ၆၀' |
| ၂၆။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀ ဒသမ ၅၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁ ဒသမ ၅၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆ ဒသမ ၈၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁ ဒသမ ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၆ ဒသမ ၄၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀ ဒသမ ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀ ဒသမ ၁၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀ ဒသမ ၁၀' |
| ၃၄။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀ ဒသမ ၂၀' |
| ၃၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀ ဒသမ ၈၀' |
| ၃၆။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀ ဒသမ ၆၀' |
| ၃၇။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀ ဒသမ ၆၀' |
| ၃၈။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁ ဒသမ ၁၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၅၉ | ၁ ဒသမ ၈၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၃ | ၁ ဒသမ ၇၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆ ဒသမ ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂ ဒသမ ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၉၀၀ | ၂၇ ဒသမ ၅၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၀၂၁ | ၆ ဒသမ ၄၇' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉ ဒသမ ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၅ | ၆ ဒသမ ၆၃' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၁၈ | ၉ ဒသမ ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅ ဒသမ ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၃၁၇ | ၂၁ ဒသမ ၂၆' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၀၅၅ | ၅ ဒသမ ၂၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၃၉၄ | ၁ ဒသမ ၃၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၃၉၃၇၂ | ၁ ဒသမ ၂၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၈၇၀၄၇ | ၃၃ ဒသမ ၀၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၆၁၉ | ၁၂ ဒသမ ၉၅' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၇၇၂ | ၂၁ ဒသမ ၇၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၈၁၆၀ | ၁၂ ဒသမ ၁၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၁၉၄၀ | ၄ ဒသမ ၃၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၆၈၀၀ | ၈၈ ဒသမ ၄၀' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၃၃၉၉ | ၅၉ ဒသမ ၄၀' |
| ၂၂။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၇၁၈၀၉ | ၀ ဒသမ ၃၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃၉၉၉၄ | ၁ ဒသမ ၀၀' |

(သတင်းစဉ်)

### ဥတုရာသီ တောကိုမှီ၏။

### ဘဏ္ဍာရေးဝန်ကြီးဌာန
### မြန်မာ့အာမခံလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြုပြင်သုံးစွဲရန် မသင့်တော်တော့သည့် ရုံးသုံးစက်ပစ္စည်းအဟောင်းများအား မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချသွားမည်ဖြစ်၍ တင်ဒါပုံစံများကို ၁၀-၈-၂၀၁၅ ရက်မှ ၁၂-၈-၂၀၁၅ ရက်ထိ ရောင်းချပြီး ၁၄-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသူများသည် တင်ဒါစည်းကမ်းချက်များကို မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) စီမံရေးရာဌာန၊ ဖုန်း(၂၅၀၁၅၂၊ ၂၅၂၇၂၊ ၃၈၄၈၆၅)တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

လေလံထုခွဲရောင်းချရေးအဖွဲ့
မြန်မာ့အာမခံလုပ်ငန်း

### ကန့်ကွက်နိုင်ပါသည်

ကျွန်မ ဒေါ်ရီရီရှိန် [၁၂/ဗဟန(နိုင်)၀၅၁၅၃၉]သည် ယုဇနဆောက်လုပ်ရေးကုမ္ပဏီ၏ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာမြေညီထပ် ဆိုင်ခန်းအမှတ် H.47 ၏ ပိုင်ဆိုင်မှုစာရွက်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ကုမ္ပဏီသို့ မူရင်းမှန် ပြန်လည်ထုတ်ယူရန် လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရီရီရှိန်
[၁၂/ဗဟန(နိုင်)၀၅၁၅၃၉]
ဖုန်း-၀၉-၇၃၀၀၅၆၉၈



# အမေရိကန်တက္ကသိုလ်မှ မန္တလေးရေပေးဝေရေးနှင့် ရေဆိုးစွန့်ပစ်မှုစနစ်များအား လာရောက်လေ့လာ

**မန္တလေး ဩဂုတ် ၉**

အမေရိကန်နိုင်ငံ Nothern Illinos University မှ ပါမောက္ခများနှင့် ရတနာပုံတက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ဆရာ၊ ဆရာမများပါဝင်သော အဖွဲ့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မန္တလေးမြို့အတွင်း ရေပေးဝေရေးစနစ်နှင့် ရေဆိုးစွန့်ပစ်မှုစနစ်များအား လာရောက်လေ့လာခြင်းနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးထွန်းကြည်က မန္တလေးမြို့အတွင်း ရေပေးဝေမှုဆိုင်ရာများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းက ရေဆိုးစွန့်ပစ်မှုစနစ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် အမေရိကန်နိုင်ငံ Nothern Illinos University မှ ပါမောက္ခများနှင့် ရတနာပုံတက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ဆရာ၊ ဆရာမများပါဝင်သော အဖွဲ့အား ရေနှင့်သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ရေတွန်းစက်ရုံ အမှတ်(၁) (မလွန်)နှင့် အမှတ် (၈)တို့အားလည်းကောင်း၊ ရွှေဂဲရေဆိုးထုတ်စက်ရုံ၏ ရေဆိုးထုတ်နေမှုအခြေအနေများအားလည်းကောင်း လက်တွေ့လိုက်လံ ရှင်းလင်းပြသပေးခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

# ဟိန္ဒူမိသားစုများ ရေဘေးကူညီမှုအလှူအဖွဲ့က အင်ပူမြို့နယ်ရှိ ကျေးရွာများသို့သွားရောက်လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အလယ်) စရိ စရိ ဒူရ်ဂါဘာရီ ဘုရားကျောင်းရှိ ဟိန္ဒူမိသားစုများ ရေဘေးကူညီမှုအလှူအဖွဲ့က ဦးဆောင်၍ ဩဂုတ် ၉ ရက်တွင်ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော ကျောင်းကုန်းရွာ ဘုရားကြီးရွာ ကျွန်းရွှေဝါရွာများသို့ ပထမအသုတ်အနေဖြင့်ကိုယ်တိုင်သွားရောက်၍ သံဃာခုနစ်ပါး သက်ကြီးရွယ်အို ၇၆ ဦးအပါအဝင် ရေဘေးသင့် အိမ်ထောင်စုတစ်စုလျှင် ပစ္စည်း အမယ် ၂၇ မျိုး ပါဝင်သော ဝတ္ထုငွေကြေးပစ္စည်းများကို သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။

လှူဒါန်းမှုတွင် ဦးဆောင်ပါဝင်သူ သနန္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခတွဲဖက်ဌာနမှူး ဒေါက်တာလှထွန်းက "မြန်မာနိုင်ငံမှာကျရောက်လာတဲ့ ရေဘေးသင့်ပြည်သူများနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံသူနိုင်ငံသား ညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်နေတဲ့နေရာမှာ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင် မိသားစုကလည်း ဒီ ရေဘေးသင့်အလှူကိုတတ်နိုင်သမျှပူးပေါင်းပါဝင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ပြည်သူတွေအတွက် အစွမ်းကုန် ကူညီလှူဒါန်းသွားမယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

"ဟိန္ဒူမိသားစုများ ရေဘေးကူညီမှုအလှူအဖွဲ့မှာ ဟိန္ဒူဘာသာမှာရှိတဲ့အဖွဲ့အစည်းတွေ၊ ခေါင်းဆောင်လူကြီးလူငယ်တွေအားလုံး ဖိတ်ခေါ် ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့ သုံးဖွဲ့နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပါတယ်၊ ရေဘေးသင့်ဒေသကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာဆန်းစစ်တဲ့ အဖွဲ့ ဖွဲ့ပါတယ်၊ နောက် မိသားစုတွေကို အားလုံးလှူဒါန်းလို့ရအောင် ဘယ်လိုဘတ်ဂျက်ရေးဆွဲမလဲပေါ့၊ ဒါတွေအားလုံး စီမံလို့ရအောင် ကော်မတီ တစ်ဖွဲ့ပါတယ်။ နောက်တစ်ပတ်မှာ ငါးသိုင်းချောင်းရွာကိုသွားရောက်လှူဒါန်းဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ နောက်ထပ်ရေဘေးသင့်ဒေသတွေကိုလည်း လှူဒါန်းဖို့အတွက် အလှူငွေရလဒ်ပေါ် စီစဉ်ပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်မှ ဦးဆောင် လူငယ် တစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာ ၃ ရွာသို့ အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ကြွေကာ၊ မြန်မာတိုင်းရင်းလိမ်းဆေး၊ သောက်ဆေးအမျိုးမျိုး၊ ဆပ်ပြာမှုန့်၊ ခြင်ထောင်၊ ဓာတ်မီး၊ စားစရာများ၊ အသားတု၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဓာတ်ဆား၊ ခြင်ဆေး၊ အဝတ်အစား၊ စတီးပစ္စည်းများ၊ အမျိုးသမီးအသုံးဆောင်နှင့် ဆေးမျိုးစုံ အပါအဝင် အမယ် ၂၇ မျိုးပါဝင်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၇၀၀ ကျော်ဖိုးခန့်ရှိကြောင်း သိရသည်။ **အေးကို(သတင်းစဉ်)**

## ရေးမြို့နယ် လူမှုအကျိုးဆောင်အဖွဲ့ ဆိုင်းဘုတ်တင်အခမ်းအနားပြုလုပ်

**ရေး ဩဂုတ် ၉**

မွန်ပြည်နယ် ရေးမြို့နယ် လူမှုအကျိုးဆောင်အဖွဲ့ ဆိုင်းဘုတ်တင်အခမ်းအနားကို ရေးမြို့ ဘုရင့်နောင်လမ်း ရန်ကြီးအောင်ရပ်ကွက် အမှတ် (၄၀) ၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးမြို့နယ် လူမှုအကျိုးဆောင်အဖွဲ့မှ တာဝန်ရှိသူများက ယင်းဆိုင်းဘုတ်အား ဖွင့်လှစ်ပေးကြပြီး ဖိတ်ကြားထားသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အရပ်ဖက်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများတက်ရောက်ခဲ့ကြသည်။

ရေးမြို့နယ် လူမှုအကျိုးဆောင်အဖွဲ့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းအဖွဲ့မှတ်ပုံတင်ယာယီအမှတ်မှာ ၂/ရေး/၀၀၂ ဖြစ်သည်။ အသင်း၏ရည်ရွယ်ချက်များမှာ ဒေသနေပြည်သူများ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း လိုအပ်သောကဏ္ဍများ၌ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နိုင်ရန်၊ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ ဥပဒေနှင့်အညီဖြစ်စေရေး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ရန်ဖြစ်ပြီး အဖွဲ့အနေဖြင့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ပါလုပ်ငန်းများမှလွဲ၍ မည်သည့်ပါတီဝင်အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် စည်းကမ်းများချမှတ်ထားကြောင်း သိရသည်။ အဆိုပါလူမှုအကျိုးဆောင်အဖွဲ့နှင့် Social Society (Yss) အဖွဲ့အား အလုပ်အမှုဆောင် အဖွဲ့ဝင် ၁၄ ဦးနှင့် အမြဲတမ်းအဖွဲ့ဝင် ၃၆ ဦး ပါဝင်ဖွဲ့စည်းထားရှိပြီး အသင်းဝင်များအဖြစ် စိတ်ပါဝင်စားသူများကိုလည်း ဆက်လက်ဖွဲ့စည်း လက်ခံပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ထွန်းထွန်း(ရေး)**

## နှမ်းညို၊ နှမ်းဖြူများ ဈေးမကောင်းသည့်အပြင် နှမ်းထွက်ညံ့နေ

**နွားထိုးကြီး ဩဂုတ် ၉**

နွားထိုးကြီးမြို့နယ်ထွက် နှမ်းညို၊ နှမ်းဖြူများမှာ ဈေးမကောင်းဘဲ ယခုနှစ်နှမ်းထွက်ညံ့နေသည်ဟု မဟာနွယ်ပွဲရုံမှ သိသည်။

နှမ်းနက်ဈေးမှာ ခုနစ်သောင်းကျော်ရှိပြီး ဒေသထွက်နှမ်းနက်၊ နှမ်းဖြူမှာ နှစ်သောင်းခွဲသာရှိနေသည်။ တန်ခူးနှမ်း၊ ကဆုန်နှမ်း၊ နယုန်နှမ်းများမှာ မိုးကြောင့် အထွက်ညံ့ပြီး ဝါဆိုနှမ်းမှာ မိုးဖျက်၍ အချိန်မီမစိုက်နိုင်ကြကြောင်း ဒေသခံများကပြောသည်။

နွားထိုးကြီးနယ်တွင် နှမ်းစိုက်ဧက ၁၅၅၄၉၇ ဧကရှိသော်လည်း ယခုနှစ်လျာထားချက် ၁၅၆၊ ၁၄၅ ကို မမီဟု သိရသည်။ ယခုအခါ ရင့်မှည့်နေသော နှမ်းခင်းများကို နှမ်းတောင်သူများ ရိတ်သိမ်းနေ၍ နှမ်းသိမ်းပစ္စည်းများဖြစ်သည့် သံဆန်ခါ၊ ကြိမ်ဆန်ခါ၊ တံမြက်စည်း၊ တောင်း စသည့် ပစ္စည်းများ ရောင်းကောင်းနေသည်။ **ဧွးမြင့်မောင်**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

CONNECT institute

## နိုင်ငံတကာပညာရေးပရိုဂရမ် (ISP)

နိုင်ငံတကာ ပညာရေး ပရိုဂရမ် (ISP) ဆိုသည်မှာ အထက်တန်းကျောင်းပြီးသူများ အနေဖြင့် အမေရိကန် တက္ကသိုလ်များရှိ Undergraduate Degree များအတွက် မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်မီသည့် credits များအား သင်ယူရရှိစေရန် ဖွင့်လှစ်ပေးသော ပရိုဂရမ်ဖြစ်ပါသည်။ ပရိုဂရမ်ကို အမေရိကန် တက္ကသိုလ်များက တရားဝင် အသိအမှတ်ပြုထားပြီး ရရှိသော credits များသည် အမေရိကန်ပညာရေး စံချိန်စံညွှန်း များနှင့်ကိုက်ညီသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးအနေဖြင့် ထူးခြားကောင်းမွန်ထိရောက်သော ၂+၂ အမေရိကန်တက္ကသိုလ် ပညာရေးစနစ်ဖြစ်သည်။ အမေရိကန်တက္ကသိုလ် ကျောင်းသူကျောင်းသားတိုင်း တက်ရောက်ရန် လိုအပ်သော ပထမနှစ်နှင့် ဒုတိယနှစ် သင်ခန်းစာများမှာ General Education Courses ဖြစ်ပြီး ကျောင်းသူကျောင်းသားများ အနေဖြင့် ဤအတန်းများကို ရန်ကုန်မြို့ရှိ CONNECT Institute တွင် တက်ရောက်သင်ယူရပါမည်။ ဤကာလအတွင်း ကျောင်းသူကျောင်းသားများသည် အမေရိကန် တက္ကသိုလ်များတွင် ကြုံတွေ့ရမည့် ကျောင်းသားဘဝနှင့် ပညာရေးအဆင့်အတန်း များအား ရင်ပေါင်တန်းနိုင်ရန် ဗဟုသုတနှင့်ကျွမ်းကျင်မှုများကို ဖြည့်ဆည်းရပါမည်။ ၂နှစ်သင်ယူမှုအပြီးတွင် ကျောင်းသူကျောင်းသားများသည် မိမိနှစ်သက်ရာ မေဂျာဘာသာရပ်များကို ရွေးချယ်ပြီး အမေရိကန်နိုင်ငံတွင် တတိယနှစ်နှင့်စတုတ္ထနှစ်များကို ပြီးဆုံးအောင်သင်ယူရပါမည်။

နိုင်ငံတကာမှာ နှစ်ပေါင်း ၂၀ ကျော် ဖွင့်လှစ်ထားသည့် အတွေ့ အကြုံရှိပြီး ISP ကို မိတ်ဆက်ပေးသူများမှာ Princeton တက္ကသိုလ်၊ Harvard တက္ကသိုလ်၊ Oxford တက္ကသိုလ်၊ Washington တက္ကသိုလ်နှင့် အမေရိကန်ထိပ်တန်း တက္ကသိုလ်ကျောင်းဆင်းများနှင့် ဆရာ၊ဆရာမများဖြစ်သည်။ ပရိုဂရမ်ကို ဝင်ရောက်လာသော ကျောင်းသူကျောင်းသားများမှာ ကျောင်းတွင်းကျောင်းပြင် ထူးချွန်မှုအပေါ်အခြေခံပြီး စိစစ်ရွေးချယ်ခံရသည်။

**၂၀၁၅ ပညာသင်နှစ်အတွက် ဩဂုတ်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထား နိုင်ပါသည်။**

၀၉ ၂၅၀၉၁၉၉၇၇၊ ၀၉ ၂၅၀၉၁၉၉၄၄

3(A), Pansodan Bussiness Tower၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်၊ ဇုန်အမှတ်(၇)၊ ရတနာသိင်္ဂီလမ်း၊ အမှတ်(၁၁၁)နေ ဒေါ်စုနွယ်ဖေ[၉/မရမ(နိုင်)၀၀၂၄၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ် စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုနေပြီး ၁၄-၇-၂၀၁၅ တွင် မှတ်ပုံ-တင်သွင်း ထားပြီးဖြစ်ပါသည်။



Reg: No. 4/9796/2015


Reg: No. 4/9797/2015

ဖော်ပြပါ"ရွှေကြိုးကြာ"၊ "ငွေကြိုးကြာ" အမှတ်တံဆိပ်များဖြင့် စားသောက်ကုန်ပစ္စည်းဖြစ်သော မြေပဲနှင့် ပြုလုပ်သည့် ကွတ်ကီးမုန့်အမျိုးမျိုး၊ ဘီစကစ်မုန့်အမျိုးမျိုး၊ (Bakery)မုန့် အမျိုးမျိုးနှင့် ဂျင်းမုန့်အမျိုးမျိုးနှင့် သက်ဆိုင်သော ထုပ်ပိုးပစ္စည်းများအပေါ်တွင် အထက်ဖော်ပြပါ အမှတ်တံဆိပ်များကို အရွယ်အစားအမျိုးမျိုး ဖြင့် ဖိနှိပ်၊ ကပ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါ သည်။

သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်၍ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက် စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်စိုးထွန်း(ထီးချိုင့်) (စဉ်-၈၂၂၅)[**LL.B(Q),D.B.L**]

ဒေါ်စိုးစိုးသိန်း(စဉ်-၄၁၅၀၂) **(LL.B,D.I.R)**

တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေရေးရာအတိုင်ပင်ခံများ

**LINO MASTER LAW FIRM**

အမှတ်(၂၂၉)၊ ပထပ်၊ ၃၈-လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**Ph:09-250000587, 09-73097203, 09-420049380**

**www.linomasterlawfirm.com uaungsoetun@linomasterlawfirmcom**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေ သိန်း ၁၀၀၀ ခွဲဝေချထား

**မတ္တရာ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ သိန်း ၁၀၀၀ မှ ပထမအကြိမ် ၆၀ ရာခိုင်နှုန်း ချက်လက်မှတ်များပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲက မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဝင်း၊ မတ္တရာမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၂)ဦးကိုလေးနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်တို့က အမှာစကားများပြောကြားခဲ့ကြသည်။ ယင်းနောက် ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့အား လုပ်ငန်း ၂၈ ခု အတွက် ရန်ပုံငွေ ၆၀ ရာခိုင်နှုန်း ချက်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အရည်အသွေးစိစစ်ရေးကော်မတီကိုယ်စား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်က လုပ်ငန်းများ သက်မှတ်စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ရေး၊ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဦးဇော်မင်းက လုပ်ငန်းဆောင်ရွက်ရာတွင် ရန်ပုံငွေသုံးစွဲမှုနှင့် ထိန်းသိမ်းရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သတ်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



ရန်ကုန်မြို့ ဆူးလေဘုရားအနီးတွင် Save Myanmar အဖွဲ့(အင်းစိန်) မှ လူငယ်ပရဟိတအဖွဲ့များက မြန်မာနိုင်ငံအနှံ့ ကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် အနုပညာဖြင့်ဖျော်ဖြေ၍ အလှူငွေများကောက်ခံလျက်ရှိသည်။
သတင်းနှင့် ဓာတ်ပုံ - ကိုကြီးစိုး(ဆိပ်ကမ်း)

## ဆန်၊ အဝတ်အထည်နှင့် ဆေးပစ္စည်းများထောက်ပံ့

**ကနီ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ရေဝင်ရောက်သည့် ရေဘေးသင့်ကျေးရွာများအတွက် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့မှ ဆန်၊ အဝတ်အထည်နှင့် ဆေးပစ္စည်းများကို လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သီတဂူသာသနာပြုအဖွဲ့မှ ဆန်အိတ် ၂၀၀၊ အဝတ်အထည်အိတ် ၃၀၊ ခေါက်ဆွဲဂျပ်ဖာ ၅၀ ဖာ၊ ဆားငါးအိတ်၊ ဆီပုံးငါးပုံးနှင့် ရေသန့်ဖာ ၁၀၀ ကို ကနီမြို့ မင်းကျောင်းတိုက်ဆရာတော် ဦးဥက္ကံသမှ သီတဂူသာသနာပြုအဖွဲ့ကိုယ်စား မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီသို့ လွှဲပြောင်းလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သီတဂူသာသနာပြုအဖွဲ့မှ ဆန်၊ အဝတ်အထည်နှင့် ဆေးပစ္စည်းများကို မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီမှ ကျေးရွာများသို့အရောက် စက်လှေများဖြင့် ဆက်လက်လှူဒါန်း ထောက်ပံ့ဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

## ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၂၉) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၅) သင်တန်းဆင်း

**ပုလဲ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က အမှာစကား ပြောကြားခဲ့ပြီး အခြေခံ အိမ်တွင်းမှုသင်တန်းတွင် သင်တန်းထူးချွန်ဆုရရှိသူ မခိုင်သူဝင်းမြင့် (ပုန်းခုန်ကျေးရွာ အင်းတော်မြို့နယ်) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းထူးချွန်ဆုရရှိသူ မစန်းစန်းမြင့် (ဇီးကုန်းကျေးရွာ ဖောင်းပြင်မြို့နယ်) တို့အား စက်ချုပ်စက်တစ်လုံးစီကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုက သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသူများကိုယ်စား မနွေသဇင် (ဘိုတဲကုန်းကျေးရွာကန့်ဘလူမြို့နယ်) က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာအခြေခံသင်တန်းသို့ သင်တန်းသူ ၇၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်း သူ ၃၄ ဦး စုစုပေါင်း ၁၀၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

❏

**EAGLE GUEST HOUSE**
ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
မန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၁မိနစ်ဆိုက်ကယ်စီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစန်းတိုင်းအဲကွန်းရှိသည်၊ မီးပျက်လျှင်မီးစက်မောင်းသည်၊
(၁၃၉၉) စိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊
၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၁၉
၀၉ ၂၅၂၀၈၂၅၃၃
၈၀၀၀ ကျပ်
၁၂၀၀၀ ကျပ်

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်
နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁
(ရုံးအချိန်အတွင်းသာ)

မျိုးမြတ်သူ A/C Express မဟာလေးဘုရားစုံ ကျောက်စိမ်းဘုရား
15 Aug 7:30 pm ရန်ကင်းတောင် မန္တလေးတောင်နန်းတွင်း ကျောက်ထည်
22.8 ဝင်းကျိုက်ထရုံ 22500
31500
09254058712, 09 31568500 လက်မှတ်သို့ပေးသည်

အာရှနဂါး Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မွေ့အလင်း တရားအသံတော်ဖြန့်ချိရေး
(MP 3 ဓာတ်၊ USB-Micro Stick) များကို အသင့်သွင်းပြီး တရားအသံတော်များကို မွေ့ါနုပြုလိုသူများအတွက် သက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်။
L7- ယုဇနပလာဇာ၊ မြေညီထပ်၊
PH: 01 200747, လိုင်းခွဲ -1315, 09 73009841

သိုးရာသီ ဓမ္မဒါန
တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင် ကျောက်စိမ်းဘုရား၊ ၂-ညအိပ်၊ ၃-ရက်ခရီး ကားအမျိုးမျိုးစီးလိုက်ငှားသည်။
၁၀ဦးဝယ်လျှင် ၁ဦးအခမဲ့
- 420144148, 421153797



အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"နောက်တစ်ခါ မမနွယ်ပြန်လာရင် မောင့်ဖို့ လမုန့်ဆိုတာ ဝယ်ခဲ့ဦးမယ်၊ လမုန့်ကလည်း ချိုလိုက်တာမှအေးနေတာပဲ"

သက်ခိုင်က 'တအင်းအင်း' အင်းလိုက်ရင်း မုန့်ကိုဆက်စား၏။

မလေးနွယ်က တစ်စုံတစ်ရာကို မကျေနပ်ဟန်နှင့် သက်ခိုင်ကို မျက်စောင်းလေးထိုးသည်။

"မောင်ကသိပ်ရိုင်းတာပဲ၊ မမနွယ်က အကြီး . . မောင်က အငယ်၊ အင်း . . လို့မပြောရဘူး၊ ဟုတ်ကဲ့လို့ ပြောရတယ်၊ ကြားလား"

သက်ခိုင်ကလည်း သူကြိုက်သောမုန့်ကို စားနေရစဉ်ခိုက် ဖြစ်သောကြောင့် သဘောကောင်းလှစွာလိုက်လျော၏။

" အင်း အင်း . . မပြောတော့ဘူး"

"လာပြန်ပြီလား၊ ဒီအင်း . . ."

"အင်း . . အဲ . . ဟုတ်ကဲ့"

" ပြီးတော့ မမနွယ်ကို မမနွယ်လို့လည်းခေါ်သေးတယ်၊ နင်နဲ့လည်း ခေါ်သေးတယ်၊ မမနွယ်တို့အိမ်မှာ ဆွေမျိုးညီအစ်ကို မောင်နှမချင်း နင်နဲ့ငါနဲ့မပြောရဘူး"

" အင်းပါလေ . . ဟုတ်ကဲ့ပါလေ . . ဒါပေမဲ့နင်နဲ့ငါနဲ့ မပြောရရင် ဘယ်လိုပြောရမှာလဲ"

"မမနွယ်ကို မမနွယ်လို့ပဲပြောပေါ့၊ မောင်ကိုယ့်ကိုမောင်လို့ပဲပြောပေါ့၊အန်တီက ဖေ့ဖေ့ကိုမောင်ကြီးလို့ပဲပြောတယ်၊ အန်ကယ့်ကိုတော့မောင်လို့ပဲပြောတယ်၊ သူတို့ကလည်း ဒီလိုပဲပြောကြတာပဲ၊နင်နဲ့ငါနဲ့ မပြောဘူး၊ မမနွယ်တို့က တွင်းစားမျိုးတွေတဲ့၊ ဆင်းရဲသားမဟုတ်ဘူးတဲ့ ယဉ်ကျေးရတယ် . . တဲ့၊ ဘွားဘွားကလည်းပြောတယ်၊ အန်တီကလည်း ပြောတယ်"

သက်ခိုင်သည် မလေးနွယ်ကို လှည့်မကြည့်ဘဲ မျက်မှောင်ကြုတ်လိုက်ပြီးပြော၏။

"နင်တို့က . . အဲလေ . . မမနွယ်တို့က တွင်းစားတွေပဲ၊ မောင်တို့က ဆင်းရဲသားပဲ"

" မဟုတ်ပါဘူး၊ မောင်တို့လည်း တွင်းစားမျိုးတွေပဲဟာ"

"မဟုတ်လိုက်တာ မမနွယ်ရာ . . မောင့်ဖေဖေက ဘီအိုစီမှာ မင်ဖိုပဲဟာ"

" မောင့်ဖေဖေကို ပြောတာမဟုတ်ပါဘူး၊ ဒေါ်လေးသက်သက်က ဖေ့ဖေ့ညီမအရင်း အငယ်ဆုံးပဲ၊ ဒီတော့ မောင်လည်းတွင်းစားမျိုးပေါ့၊ မဟုတ်ဘူးလား"

သက်ခိုင်သည် မျက်နှာကို တင်းလိုက်ပြီး သူနားမလည်လှသော စကားလုံးတစ်လုံးပါသည့် ဝါကျကိုဆို၏၊

"အင်းလေ . . ဘာပဲဖြစ်ဖြစ် န . . န . . . န . . . နင် . . မမနွယ်တို့က သေခန်းဖြတ်ထားတာမဟုတ်လား"

မလေးနွယ်ကလည်း ညည်းညည်းလေး ဖြေ၏။

"ဟုတ်တယ် မောင်လေးရာ၊ သေခန်းဖြတ်ထားကြတယ်တဲ့၊အဲဒီသေခန်းဖြတ်တယ်ဆိုတာလည်း ဘာမှန်းလဲမသိဘူး၊ ဘာပြုလို့ ဖြတ်မှန်းလဲမသိဘူး၊ မေးကြည့်တော့ဘွားဘွားက မမနွယ်ကြီးလာမှပြောပြမတဲ့"

သက်ခိုင်က မဲ့ပြုံးပြုံးလိုက်၏။ " ကြီးလာမှ ပြောဖို့မလိုပါဘူး မမနွယ်ရာ၊ မောင်သိပါတယ်၊ သေခန်းဖြတ်မှာပေါ့၊ မမနွယ်တို့က ခနရှင်တွေ၊ မောင်တို့က အလုပ်သမားတွေ၊ မမနွယ်မကြားရလို့၊ မေဒေးတုန်းက သခင်လှိုင်တို့၊ ရန်ကုန်က သခင်စိုးရယ်၊ ပြီးတော့ သခင်လေးမောင်ရယ်က ဟောသွားတယ်၊ ခနရှင်နဲ့ အလုပ်သမားဟာ ရန်သူတွေ . . တဲ့၊ သေတဲ့အထိ တိုက်ကြရမယ်တဲ့၊ သေခန်းဖြတ်တယ်ဆိုတာ အဲဒါကိုပြောတာဖြစ်မှာပေါ့"

သက်ခိုင်၏ စကားကြောင့် မလေးနွယ်သည် ထိတ်လန့်တုန်လှုပ်သွားသည်။ မလေးနွယ်သည် မျက်လုံးဝန်းဝန်းကလေးကို ပြူးကာ ဆံပင်လေးများလှုပ်အောင် ခေါင်းကလေးကို သွက်သွက်ခါပြီး ငြင်းသည်။

" ဟင့်အင်း . . . ဟင့်အင်း . . ဘွားဘွားက မောင်တို့ ရန်သူမဟုတ်ပါဘူး၊ မမနွယ်ကလည်း မောင့်ရန်သူ မဟုတ်ပါဘူး၊ မောင့်ကိုမမနွယ်ချစ်တယ်၊ ဒေါ်လေးသက်သက်ကိုလည်းချစ်တယ်၊ သိပ်ချစ်တယ် . . သိရဲ့လား"

သက်ခိုင်က သူမြင်ဖူးသော သခင်များ၏ ရှုအတိုင်း မျက်မှောင်ကြုတ်၊ မျက်နှာထား တင်းထားရာမှ လျှော့ချပြန်ပြုံးပြပြီး ဖြေ၏။

"သိပါတယ်လေ . . . သိပါတယ်၊ မောင်ကလည်း မမနွယ်ကို ချစ်ပါတယ်၊ သိပ်ချစ်ပါတယ်၊ အဟုတ်ကို ပြောနေတာ"

မလေးနွယ်သည် စိမ်းချမ်းသာသွားဟန် ပြုံးလိုက်ပြီး ရှူးဖိနပ်များကို ချွတ်၏။

"မမနွယ် ဘာလုပ်ဦးမလုပ်လဲ"

"မောင့်လိုပဲ ရေထဲ ခြေထောက်ချထားမလို့ပေါ့"

"မလုပ်နဲ့ မလုပ်နဲ့၊ မမနွယ် ခြေထောက်သဲဝဲစားဦးမယ်"

"ဘာပြောတယ်၊ သဲဝဲစားတယ် . . . သဲဝဲစားတယ်ဆိုတာ ဘာလဲ"

"သဲဝဲစားတယ် ဆိုတာ မမနွယ် မသိဘူးလား"

"ဟင့်အင်း . . . ခွေးတွေ ဝဲစားသလိုလား"

"မဟုတ်ဘူး၊ သဲဝဲစားတယ် ဆိုတာက ပထမခြေချောင်းတွေ ကြားမှာ အဖုလေးဖြစ်ပြီး အရည်ကြည်လေး တည်လာတယ်၊ နောက် . . . ယားလာတယ်၊ ကုတ်တော့ အနာဖြစ်ပြီး စပ်ဖျဉ်းစပ်ဖျဉ်းနဲ့ သိပ်အခံရဆိုးတယ်"

"အဲဒါ ဘာဖြစ်လို့ . . ."

"မသိဘူး၊ မောင်တို့ကျောင်းက ကျန်းမာရေးဆရာကတော့ ပြောတာပဲ၊ ဖိနပ်မစီးလို့ . . . တဲ့"

"နို့ . . . ဘာလို့ မောင်ကတော့ ဖိနပ်မစီးလဲ"

"မမနွယ်က ခက်တာပဲ၊ တော်တော့်ကို ခက်တာပဲ၊ မောင် ဖိနပ်မစီးတာက စီးစရာမရှိလို့ မစီးတာပေါ့"

"ဒါဖြင့် မောင်ကော . . . သဲဝဲမစားဘူးလား"

"ဩော် . . . ဒုက္ခပါပဲ၊ စားတုန်းကတော့ စားတာပေါ့၊ အခု မစားတော့ဘူး၊ ဘာဖြစ်လို့လဲတော့ မသိဘူး"

မလေးနွယ်သည် မျက်စလေး ပစ်လိုက်ကာ ပမာမခန့်ဟန်နှင့် ဖိနပ်ဆက်ချွတ်သည်။

"မမနွယ် . . . ပြောတာ မရဘူးလား"

မလေးနွယ်က ပမာမခန့်ဟန် ရယ်၍ပင် ပြလိုက်၏။

"မရဘူး . . မောင်က မမနွယ်ကို မျက်မှောင်ကြုတ်ကုတ်မပြနဲ့၊ မောင့်ကို မမနွယ် မကြောက်ဘူး၊ ဖိနပ်ချွတ်တယ်၊ ဘာပြုလဲ၊ သဲဝဲစားတော့ ဆရာဝန် ပြလိုက်ရုံပဲ၊ ပြီးတော့ ခြေထောက်ကို ဟောဒီလို ရေထဲ စိမ်တယ်၊ ကဲ . . ဘာဖြစ်သေးသလဲ"

သက်ခိုင်သည် သက်ပြင်းလေးရှိုက်ပြီး အရှုံးပေးသော လေသံနှင့် ဆို၏။

"ကဲပါလေ . . သဘော . . သဘော၊ မမနွယ်သဘော၊ ဒါပေမဲ့ ခြေထောက် ရေစိမ်ချင် ဒူးဆစ်မြုပ်အောင် စိမ်"

"ဘာပြုလို့"

"ဘာပြုလို့ မရလဲ၊ ဒူးဆစ်အထိ ရေမစိမ်ရင် အပူငုပ်သွားမယ်၊ ဒူးဆစ်အထိစိမ်"

မလေးနွယ်က သက်ခိုင်၏ အမိန့်ကို နာခံသည်။ သူ့ဂါဝန်အောက်စလေးကို လက်ကလေးများဖြင့် သိမ်းမပြီး ပေါင်လေးများ၌ ကပ်ထားလျက် ခြေထောက်များကို ဒူးဆစ်ထိအောင် ချောင်းရေ၌ စိမ်သည်။

သူတို့နှစ်ဦးသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြပြီး ပထမပြုံးကြသည်။ ထို့နောက် အသံထွက်အောင် ရယ်လိုက်ကြသည်။

အတန်ကြာမှ မလေးနွယ်က ခေါ်သည်။

"မောင်လေးရေ . ."

"ဘာလဲ မမနွယ် . ."

"ဟောဒီ ချောင်းကြီးအတိုင်း အထက်တက်သွားရင် ဘယ်ရောက်သွားမလဲ"

"ပင်းချောင်းရော . . ယင်းချောင်းရော . . ဒေါင်းသေချောင်းရော၊ ဆင်တဲဝချောင်းရော . . . အားလုံး ပုပ္ပားက ဆင်းလာတာ၊ ချောင်းကိုးဆယ့်ကိုးနဲ့ ကျောက်နွားသိုးကိုးကောင် ရှိတယ်ဆိုတာ မမနွယ် မကြားဖူးဘူးလား"

"ကြားဖူးပါတယ်၊ ဒီချောင်းကြီးအတိုင်း မောင်နဲ့ မမနွယ် တက်လိုက်သွားရင် ပုပ္ပားတောင်ကြီး တောင်ကြီးထဲ ရောက်သွားကြမှာပဲ၊ မောင်သွားရဲလား" **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





### အမည်ပြောင်း

အဖ ဦးအောင်သိန်း၏ သမီးဖြစ်သူ မစုမြတ်နိုးရတနာ(ခ)မဖိုးရတနာ ဆေးတက္ကသိုလ်(၁)ရန်ကုန်အား ယနေ့မှစ၍ မစုမြတ်နိုးရတနာဟု ပြောင်းလဲခေါ်ဆိုပါရန်။

မစုမြတ်နိုးရတနာ







### ဦးကျော်ညွန့်[၁၂/ဥကမ(နိုင်)၁၄၅၇၁၂]အား ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်းကြေညာခြင်း

ဦးကျော်ညွန့်(ဘ)( ဦးသောင်းရွှေ)သည် ကျွန်မ ဒေါ်စောစန္ဒာဦး (ဘ)ဦးဝင်းစိန်နှင့် မြန်မာ့ဓလေ့ထုံးစံအရ ၁၉၉၇ ခုနှစ်က အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ဦးကျော်ညွန့်သည် ၂-၃-၂၀၁၄ ရက်မှစ၍ အိမ်ပေါ်မှ ဆင်းသွားခဲ့ပြီး ကျွန်မထံသို့ ယနေ့အချိန်အထိ (၁)နှစ်ခွဲခန့် ဆက်သွယ်ခြင်း မပြုသည့်အပြင် ထောက်ပံ့ပေးကမ်းခြင်းလည်း မပြုပါသောကြောင့် ကြေညာပါသည့်နေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် ဦးကျော်ညွန့်နှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝပတ်သက်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စောစန္ဒာဦး[၁၂/သကတ(နိုင်)၁၃၀၅၃၈]
အမှတ်(၁၁၀၀)၊ ဇွဲကပင်လမ်း၊
(၄၃)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း

### အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၊ လှည်းတန်းစင်တာ၊ ဒုတိယထပ်ရှိ ဆိုင်ခန်းအမှတ် (၆) ကို ငှားရမ်းထားပြီး၊စရန်ငွေပေးထားသောဒေါ်အေးအေးသွယ် (၁၂/လမန (နိုင်) ၁၂၇၁၆၄)၊ အမှတ် (၆)၊ ရွှေမာလာရိပ်မွန်၊ ကမာရွတ်မြို့နယ် သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လှည်းတန်းစင်တာကို စင်တာမှတာဝန်ရှိသူများက (၂၇-၆-၂၀၁၅) နေ့တွင် တရားဝင်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပါသည်။ ဒေါ်အေးအေးသွယ်သည်စရန်ငွေပေးသည့် (၂၃-၁၂-၂၀၁၄) နေ့မှစ၍ ယနေ့အချိန်အထိ ဆိုင်ခန်းဖွင့်လှစ်ရန် လာရောက်ပြင်ဆင်ခြင်း၊ လှည်းတန်းစင်တာ စတင်ဖွင့်လှစ်သည့်နေ့တွင်လည်း လက်ကျန်ငွေကိုပေးချေခြင်းမပြုခဲ့ပါ။ ကျွန်ုပ်သည် လူမှုရေးအရ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်ကျော်လွန်ပါက ဒေါ်အေးအေးသွယ်မှ ဆိုင်ခန်းအား ငှားရမ်းရန် ဆန္ဒမရှိတော့ဟုယူဆပါမည်။ သို့ဖြစ်ပါ၍ လက်ကျန်ငွေလာရောက်ပေးချေရန်နှင့်ပေးချေခြင်းမပြုပါက ဆိုင်ရှင်-ဆိုင်ငှား (စရန်ပေး)နှစ်ဦးသဘောတူကတိစာချုပ်ပါအတိုင်း ငှားရမ်းသူဘက်မှ ပျက်ကွက်သည်ဟုယူဆပါမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရွှေဝင်း
(၁၂/ကမရ (နိုင်) ၀၅၂၆၅၄)
ဖုန်း- ၀၉၅၀၈၉၅၁၂



# ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ သဘာဝဘေးကြုံတွေ့နေသူများအတွက် အစာရှောင်ဆုတောင်း

**ထန်တလန် ဩဂုတ် ၉**

ပြီးခဲ့သည့်ဇူလိုင်လအတွင်း ချင်းပြည်နယ်နှင့် တစ်နိုင်ငံလုံးနီးပါးတွင် ဖြစ်ပွားခဲ့သော ရေကြီးမြေပြိုမှုများကြောင့် သဘာဝဘေးဒုက္ခကြုံတွေ့နေရသူများအတွက် ထန်တလန်မြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံက ဩဂုတ်လ ၇ ရက်မှစ၍ အစာရှောင်ဆုတောင်းနေကြပြီး ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အစာရှောင်ဆုတောင်းပွဲက ခါတိုင်းဆိုရင် တစ်လတစ်ခါပဲလုပ်ပါတယ်။ တစ်ကမ္ဘာလုံးငြိမ်းချမ်းဖို့ ၊ ပြီးတော့ မြန်မာနိုင်ငံ၊ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ငြိမ်းချမ်းသာယာဖို့စသည်ဖြင့် ဒီအချက်လေးချက်ကို ဆုတောင်းနေကြတာပါ။ ဒီတစ်ခါတော့ အချက်လေးချက်အပြင် အထူးသဖြင့် ချင်းပြည်နယ်အတွင်း သဘာဝဘေးဒုက္ခ အကြီးကျယ်ဆုံးခံစားနေရတဲ့ ဟားခါးမြို့အတွက် ဆုတောင်းပါတယ်။ နောက်ပြီး ထန်တလန်မြို့နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အခက်အခဲကြုံတွေ့နေရသူများအတွက် ဆုတောင်းပါတယ်။ ကျွန်မတို့အနေနဲ့ တခြားနည်းလမ်းများနဲ့ မကူညီနိုင်ကြဘူး။ ကူညီနိုင်တာ ဒီတစ်နည်းတည်းပဲရှိပါတယ်" ဟု အစာရှောင်ဝတ်ပြုဆုတောင်းပွဲတွင် ပါဝင်သူတစ်ဦးက ပြောသည်။

ထန်တလန်မြို့နယ်တွင် လူနေအိမ်အဆောက်အအုံများ ပြိုလဲပျက်စီးမှုမရှိသော်လည်း လမ်းတံတားများအားလုံး ပြိုကျပျက်စီးမှုကြောင့် ဆန်နှင့် အခြားစားသုံးကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းမရှိသည်မှာ နှစ်ပတ်ရှိသွားပြီဖြစ်ကြောင်း၊ အထူးသဖြင့် မြို့ပေါ်နေပြည်သူများ စားနပ်ရိက္ခာအခက်အခဲရှိနေပြီဖြစ်ကြောင်း၊ နောက်တစ်ပတ်အတွင်း ဆန်နှင့် အခြားစားသုံးကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းမရှိပါက မြို့ပေါ်တစ်ခုတည်းတွင်ပင် လူဦးရေနှစ်ထောင်ကျော်က အမှန်တကယ် အစာရေစာပြတ်လပ်သွားတော့မည်ဖြစ်ကြောင်း မြို့ပေါ်ရပ်ကွက်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ စာရင်းကောက်ယူချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မိုးရာသီကာလအတွင်း မြို့တွင်း/ရပ်ကွက်များ ရေကြီးရေလျှံဖြစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ရပ်ကွက်အတွင်း ရေမြောင်းများကို လူထုလှုပ်ရှားမှုဖြင့် ဩဂုတ် ၈ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ အမှတ်(၅) အ.ထ.က ကျောင်းရှေ့ ရေမြောင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင်လည်းကောင်း၊ ဗိုလ်ဗထူးလမ်းမကြီးရှိ ရွှေဂုံတိုင်ရပ်ကွက် ရေထွက်မြောင်းနှင့် အမှတ်(၁) ရပ်ကွက် နှခေါင်းပေါက်ချောင်းတို့တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူများက ချောင်းမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒိုက်ပင်နှင့် မြက်ပင်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - အောင်မင်း(ပြန်/ဆက်)

# စိုပြည်မြန်မာဆန်၊ စပါး၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံမှ ရေကြီးရေလျှံဖြစ်ပွားခဲ့သော ကျေးရွာများရှိစာသင်ကျောင်းများတွင် ဆေးဖျန်းရန် ခြင်ဆေးဖျန်းစက်လှူဒါန်း

**နတ်တလင်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြောက်ပိုင်းလမ်းနေ (စိုပြည်မြန်မာဆန်၊ စပါး၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ) မှ ဦးကျော်နိုင်မိသားစုတို့က တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ရှိသော ခြင်ဆေးဖျန်းစက်ကို ပရဟိတအသင်းသို့ လှူဒါန်းပြီး ရေကြီးရေလျှံမှု ကျဆင်းသွားပြီဖြစ်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာပွန်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်းနှစ်ကျောင်းနှင့် မူကြိုကျောင်းတို့အား တစ်လလျှင်နှစ်ကြိမ် လစဉ် ခြင်ဆေးဖျန်းပေးရန်နှင့် ဆေးဖိုးကုန်ကျငွေအား ရွှေပွန်မြေပါရမီရှင်များဖောင်ဒေးရှင်းမှ တစ်လလျှင် တစ်သိန်းကျပ်ကုန်ကျခံကာ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခြင်ဆေးဖျန်းလုပ်ငန်းအား လူငယ်များအဖွဲ့မှ လုပ်အားဒါနကုသိုလ်ပါဝင်လုပ်ကိုင်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ဩဂုတ် ၈ ရက်နံနက်ပိုင်းမှစပြီး တာပွန်အခြေခံပညာအထက်တန်းကျောင်း၊ မူလတန်းကျောင်းများသို့စ၍ ခြင်ဆေးပက်ဖျန်းနေပြီဖြစ်ပြီး နေအိမ်များကိုလည်း ခြင်ဆေးဖျန်းရန်လိုအပ်ပါက ဆေးဖိုးကုန်ကျမှုသာခံရမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ နေအိမ်များ၊ စာသင်ကျောင်းများ ခြင်ဆေးဖျန်းလိုပါက တာပွန်ပရဟိတရုံးသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းလည်း သိရသည်။

**(၀၇၁)**

## ရေဘေးရှောင်ပြည်သူများအား လာရောက်လှူဒါန်း

**မြင်းခြံ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကိုးဆောင်ဘုန်းတော်ကြီးကျောင်းတွင် ရေဘေးရှောင်ပြည်သူများအား ပစ္စည်းများထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီတွင် အလှူရှင်မိသားစုမှ လာရောက်လှူဒါန်းခဲ့သည်။

မြစ်ရေဝင်ရောက်သဖြင့် ကိုးဆောင်ဘုန်း တော်ကြီးကျောင်းတွင် ခေတ္တခိုလှုံနေထိုင်ကြသော ရေဘေးရှောင်အိမ်ထောင်စု ၄၀၇ စုအား မန္တလေးမြို့ ကြယ်စင်မင်းဆောက်လုပ်ရေးကုမ္ပဏီမှ အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်နှုန်းဖြင့်လည်းကောင်း၊ ရေဘေးရှောင်ပြည်သူ အားလုံးအတွက် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း လာရောက်၍ လှူဒါန်းခဲ့ကြသည်။

မန္တလေးမြို့မြို့တော်ဘီစကစ်လုပ်ငန်းမှ ဘီစကစ်မုန့်ထုပ်များ၊အခြားသောတစ်ဦးချင်းအလှူရှင်များမှလည်း အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ငွေကြေးများကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**







### ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ရန်ကုန်မြို့သစ်စီမံကိန်း Developer အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်ခြင်းကို ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့) ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် အဆိုပြုတင်ဒါလျှောက်လွှာများကို ချိပ်ပိတ်စာအိတ်ဖြင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီရှေ့မှောက်တွင် တင်သွင်း၍ မှတ်ပုံတင်သွားရန် တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့မှ နေ့စဉ်ထုတ်သတင်းစာများတွင် သတ်မှတ်ကြော်ငြာခဲ့ပါသည်။

၂။ ယခုအခါ တင်ဒါလျှောက်လွှာဝယ်ယူသူအများစု၏ တောင်းဆိုချက်များအရလည်းကောင်း၊ အဆိုပြုလွှာများ၌ ပိုမိုပြည့်စုံကောင်းမွန်စွာ ပြုစုတင်သွင်းနိုင်ရေးအတွက်လည်းကောင်း အဆိုပြုတင်ဒါလျှောက်လွှာများ ပဏာမဖွင့်ဖောက်စိစစ်မည့်ရက်ကို ၂၂-၉-၂၀၁၅(အင်္ဂါနေ့)၁၀နာရီသို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

# မြစိမ်းရောင်စီမံကိန်း ကျေးရွာ(၁၃)ရွာ အကောင်အထည်ဖော်ဆောင်ရွက်

**စဥ့်ကိုင် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ပံ့ပိုးငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်း မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထောက်ပံ့ပေးအပ်မည်ဖြစ်ရာ စဥ့်ကိုင်မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီရွေးချယ်ခြင်းအခမ်းအနားကိုလည်း ဩဂုတ် ၇ ရက် နံနက် ၇ နာရီကသက်ဆိုင်ရာ မြစိမ်းရောင်ကျေးရွာများတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

